မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သော စိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**


# မြဝတီ

နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကျင်းပ၊ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရဘုရားများအား ဖူးမြော်လေ့လာ

**ညောင်ဦး ဧပြီ ၂၈**

ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အောင်မြေသာရပ်ရှိ ပုဂံလူရည်ချွန်စခန်းမှုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ၊ ကြီးကြပ်ဆရာ၊ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပုဂံလူရည်ချွန်စခန်းကို လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားကို Heritage Hotel ၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နဝမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကိုယ်စား လူရည်ချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများအတွက် လူရည်ချွန်တံဆိပ်များကို ကျောင်းသား၊ကျောင်းသူကိုယ်စားလှယ်တစ်ဦးစီထံပေးအပ်ကာ **စာမျက်နှာ ၁၀ ကော်လံ ၁** ●



## ၂၀၂၄ ခုနှစ် မေလအတွင်းဖြစ်ပေါ်လာနိုင်သည့် အယ်နီညိုအခြေအနေ

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်နီညိုအခြေအနေတွင်ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များခန့်မှန်းချက်အရ မေလအတွင်း အားအနည်းငယ်ရှိသော အယ်နီညိုအခြေအနေမှ ပုံမှန်နှစ်တစ်နှစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ **စာမျက်နှာ ၁၄ ကော်လံ ၁** ⏭

**ဆောင်းပါး**

ကဆုန် နယုန်ဆွေ့ဆွေ့ခုန်သော ပူပြင်းသည့်လရာသီမှာ သတိပြုစရာ စာ - ၈ သို့

မွေးမြူရေးတိရစ္ဆာန်များအတွက် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနည်းလမ်းကောင်းများ စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၂၈ ရက်)

# ပိုမိုကောင်းမွန်သည့်လူ့အဖွဲ့အစည်း

လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းသားလူငယ်များသည် တိုင်းပြည်၏ခွန်အားများဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးအတွက်အရေးကြီးသည့်လူ့စွမ်းအားအရင်းအမြစ်များလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန်မှာ အနာဂတ်နိုင်ငံ့တာဝန်များကိုပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ၏စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့်လူငယ်မောင်မယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရန်ပညာရယူနိုင်သည့်နည်းလမ်းအသွယ်သွယ်မှ လူငယ်များကိုယ်တိုင် အပတ်တကုတ်ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရန်အတွက် လူငယ်များကို ကာယ၊ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလ ငါးတန်နှင့်ပြည့်စုံသည့်လူတော်လူကောင်းများဖြစ်လာစေရန်လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီဆန်းသစ်လာသည့်နည်းပညာများနှင့်အတူတိုးတက်ပြောင်းလဲလာသည့် ကမ္ဘာကြီးကိုလက်လှမ်းမီနိုင်ရန် မျိုးဆက်သစ်လူငယ်များကို ကောင်းမွန်စွာလေ့ကျင့်သင်ကြားပေးရန်လိုအပ်သကဲ့သို့လူငယ်များအနေဖြင့်လည်း အထူးကြိုးစားလေ့လာသင်ယူကြရန်လိုအပ်ပေသည်။

လူငယ်များ၏ စူးစမ်းလိုစိတ်၊တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာစဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကိုသိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကိုကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်းလမ်းပြသွန်သင်ပေးကြရမည်ဖြစ်သည်။ လူငယ်မောင်မယ်များအားလုံးပညာသင်ယူလေ့လာသည့်အခါတွင် စာပေဘာသာရပ်ကိုတတ်မြောက်ထူးချွန်ရုံသာမကဘဲ စာပေပညာသင်ကြားရခြင်း၏ရည်ရွယ်ချက်များအတိုင်း ဘက်ပေါင်းစုံကထူးချွန်ထက်မြက်အောင် ကြိုးစားကြရမည်ဖြစ်သည်။

လူငယ်မောင်မယ်များအနေဖြင့် မိမိနိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းတတ်ရန်၊ မိမိနိုင်ငံ၏အချုပ်အခြာအာဏာကိုကာကွယ်ထိန်းသိမ်းတတ်ရန်၊ မိမိပတ်ဝန်းကျင်ကိုအကျိုးပြုရန်၊ လူမှုအသိုင်းအဝိုင်းတွင်ကောင်းမွန်သည့်စိတ်ဓာတ်၊ ကောင်းမွန်သည့်အလေ့အကျင့်များနှင့်ဝင်ဆံ့အကျိုးပြုနိုင်ရန်၊ နိုင်ငံ့သားကောင်းမှသည် ကမ္ဘာ့သားကောင်းဖြစ်ရန်စသည့်အရည်အသွေးများနှင့်ပြည့်စုံသည့်လူတော်လူကောင်းများဖြစ်ရန် လေ့လာသင်ယူပြီးလိုက်နာကျင့်သုံးသွားကြခြင်းဖြင့် ငြိမ်းချမ်းသည့်လူ့အဖွဲ့အစည်းကိုတည်ဆောက်နိုင်မည်ဖြစ်သည်။

လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကိုရွေးချယ်သည့်အခါ စာပေဘာသာရပ်များကိုသာ စစ်ဆေးအကဲဖြတ်ရုံတစ်ခုတည်းမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာကောင်းမွန်မှုကိုပါ စနစ်တကျစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ကျောင်းသား၊ ကျောင်းသူတို့သည်ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အဆင့်ဆင့်စိစစ်မှုကိုကျော်ဖြတ်ပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသူများဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူဖွယ်ကောင်းလှသည်။

လူရည်ချွန်မောင်မယ်များကို ယခင်နှစ်များအတိုင်း နဝမတန်းလူရည်ချွန်များကို ရှေးဟောင်းအမွေအနှစ်ဒေသ ပုဂံမြို့၊ဒသမတန်းလူရည်ချွန်များကို ရှမ်းပြည်နယ်တောင်ပေါ်ဒေသ တောင်ကြီးမြို့၊ ဧကာဒသမတန်းလူရည်ချွန်များကို ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေငွေဆောင်မြို့နှင့် ဒွါဒသမတန်းလူရည်ချွန်များကို ပင်လယ်ကမ်းခြေချောင်းသာလူရည်ချွန်စခန်းအသီးသီးကိုလေ့လာရေး ခရီးသွားရောက်ကြရမည်ဖြစ်သည်။ ယခုကဲ့သို့လူရည်ချွန်စခန်းအသီးသီးသို့သွားရောက်ခြင်းအားဖြင့် ရည်ရွယ်ချက်ချမှတ်ခဲ့သည့်အတိုင်း လူရည်ချွန်မောင်မယ်များအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိခြင်း၊ အသိပညာဗဟုသုတများဖလှယ်နိုင်ခြင်းအပြင် လူရည်ချွန်စခန်းအခြေစိုက်ရာဒေသများ၏ ဒေသန္တရဗဟုသုတများရရှိခြင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့များ သိရှိနားလည်ပြီး မိမိနိုင်ငံနှင့်လူမျိုးအားချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားထိန်းသိမ်းလိုစိတ်များကိန်းအောင်းရှင်သန်လာစေမည်ဖြစ်သည်။

လူရည်ချွန်မောင်မယ်များအနေဖြင့် **"မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကိုကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"** ဆိုသည့်ကျောင်းကောင်စီကတိကဝတ်များနှင့်အညီ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့်စံပြလူငယ်မောင်မယ်များဖြစ်အောင်ကြိုးပမ်းထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ လူငယ်မောင်မယ်များကိုအကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားတက်ကြွဖျတ်လတ်သည့်၊ သူတစ်ပါးကိုကူညီရန်အသင့်ရှိသည့်၊ လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်တတ်သည့် လူ့စွမ်းအားအရင်းအမြစ်များပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်ရန်၊ လူတော်လူကောင်းများဖြစ်ရန် ပြုစုပျိုးထောင်ပေးခြင်းမှာ လူငယ်မောင်မယ်များအနေဖြင့် ပိုမိုကောင်းမွန်သည့်လူ့အဖွဲ့အစည်းကိုတည်ဆောက်သွားနိုင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

အင်းတော်၊ လူမှုရေး

# ပန်းအလှထိုးနည်း သင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရုံးနှင့် အင်းတော်မြို့ ပန်းအလှဝါသနာရှင်များ ပူးပေါင်းဖွင့်လှစ်သော ပန်းအလှထိုးနည်းသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီလ ၂၇ ရက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အင်းတော်မြို့နယ်ရုံး၌ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ယခုကဲ့သို့ နွေရာသီအားလပ်ရက်များတွင် လူငယ်များအနေနှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး၊ မိမိတို့ဝါသနာပါရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ လူငယ်များအနေဖြင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ ယခုကဲ့သို့ နွေရာသီအားလပ်ရက်တွင် အခမဲ့သင်တန်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ လာမည့် မေလတွင်လည်း လက်မှုအနုပညာရပ်တစ်မျိုးဖြစ်သည့် ချည်ထိုး၊ ပန်းထိုးအခမဲ့သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သီဟက ပြောသည်။

ထို့နောက် ပန်းအလှထိုးနည်းသင်တန်းတွင် အကောင်းဆုံး ပန်းအလှဖန်တီးနိုင်သူ သင်တန်းသား ဦးလွင်အောင်ဖြိုးအား ဂုဏ်ပြုပန်းစည်းကို သင်တန်းနည်းပြ ဒေါ်သိင်္ဂီထွန်းကလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်မြင့်နိုင်နှင့် အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအာကာကျော်တို့က သင်တန်းနည်းပြများဖြစ်ကြသော ဒေါ်သိင်္ဂီထွန်းနှင့် ဦးမြင့်ဇော်တို့အား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူများက မြို့နယ်ဦးစီးအရာရှိနှင့် သင်တန်းနည်းပြများကို ဂါရဝပြုလက်ဆောင်များကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

အဆိုပါ သင်တန်းကို ဧပြီလ ၂၃ ရက်မှ ၂၇ ရက်အထိ ၅ ရက် ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား၊ သင်တန်းသူ ၂၃ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

**ကျော်သီဟ**


**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။


**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။



နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ်ဆောင်းပါ။

ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

နေပူထဲသွားပါက နေကာမျက်မှန် တပ်ဆင်ပါ။

နေပူထဲသွားပါက နေရောင်ခံလိမ်းဆေး လိမ်းပါ။

ဧပြီလ၊ ၂၀၂၄ခုနှစ်



မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကွပ်ကဲ) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မန္တလေး၊ ယဉ်ကျေးမှု

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီ ၁၇ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်ဆောင်ရွက်လျက်ရှိ



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီ ၁၇ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) များ တပ်ဆင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များတပ်ဆင်ရခြင်းမှာ ယင်းဘုရားစေတီများ၏ သမိုင်းအချက်အလက်များ၊ ဘုရားစေတီများနှင့်ပတ်သက်သည့် အကြောင်းအရာများကို တစ်နေရာတည်း၌ တစ်စုတည်း လေ့လာကြည့်ရှုနိုင်စေရန်၊ ထို့ပြင် ဘုရားဖူးလာရောက်မှု တိုးမြင့်လာစေရန်၊ နိုင်ငံတကာဘုရားဖူးခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားစေတီ ၁၇ ဆူမှာ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ရွှေကျီးမြင်စေတီတော်၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင် အောင်တော်မူစေတီတော်၊ ကျောက်ဆည်မြို့နယ်ရှိ ရွှေသိမ်တော်ဘုရား၊ ပြင်ဦးလွင်မြို့နယ်ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်မြတ်စွာဘုရားတို့အပြင် ညောင်ဦးခရိုင်အတွင်းရှိ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ လောကနန္ဒာစေတီ၊ တုရင်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ မနူဟာဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ဓမ္မရာဇကဘုရားတို့ဖြစ်ကြောင်း သိရသည်။ **ခန့်ခန့်**

ရန်ကုန်၊ အိမ်ခြံမြေ

# စီမံကိန်းနေရာတချို့အပါအဝင် ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွင်း အရောင်းအဝယ်နှင့် အငှားဈေးကွက်သွက်နေ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနေရာတချို့အပါအဝင် ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွင်း အရောင်းအဝယ်နှင့် အငှားဈေးကွက်သွက်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များ၏ပြောပြချက်အရ သိရသည်။

ဒလတံတားစီမံကိန်းပြီးစီးမှု ၆၀ ရာခိုင်နှုန်းကျော်အထိရှိလာသောကြောင့် လက်ရှိတွင် မြေကွက်များ ပိုမိုအဝယ်လိုက်လျက်ရှိကာ ယခင်က ငွေကျပ် သိန်း ၈၀၀ ခန့်ရှိသည့်မြေကွက်များမှာ လက်ရှိတွင် ငွေကျပ် သိန်း ၁၅၀၀ အထိ ဈေးရှိနေကြောင်း သိရသည်။

“ဒလတံတားစီမံကိန်းက လာမယ့်နှစ်နှစ်ဆန်းပိုင်းလောက်မှာပြီးမယ်။ တံတားပြီးတော့မယ်ဆိုတော့ မြေကွက်တွေ တဖြည်းဖြည်းအဝယ်လိုက်လာပြီး တံတားနဲ့နီးတဲ့မြေကွက်တွေက ပိုပြီးအဝယ်လိုက်လာတယ်”ဟု ဒလမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင် ဦးစိုးအောင်ကပြောသည်။

ဒလမြို့နယ်၏ အဓိကအချက်အချာဖြစ်သည့်အပြင် ဒလတံတားအဆင်း၌ တည်ရှိနေသည့် တပင်ရွှေထီးရပ်ကွက်နှင့် ကျန်စစ်သားရပ်ကွက်ရှိ မြေကွက်များမှာ အရောင်းအဝယ်ပိုဖြစ်နေကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့တွင်းရှိ ကွန်ဒို၊ တိုက်ခန်းများလည်း အငှားနှင့်အရောင်းအဝယ်ဈေးကွက်သွက်နေကြောင်း သိရသည်။

“အခုဆိုရင် ရွှေဈေးနဲ့ ဒေါ်လာဈေးက တောက်လျှောက်တက်နေတာ။ တော်တော်များများက အိမ်ခြံမြေတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံလာကြတယ်။ သူတို့က ဝယ်ထားပြီးတော့ ပြန်ငှားကြတာပါ။ ဒါကြောင့်လည်း အငှားဈေးကွက်ပြန်ဖြစ်လာတာပါ။ တိုက်ခန်းတွေအပြင် ကွန်ဒိုတွေပါ အငှားဈေးကွက်လိုက်လာတယ်။ အဓိကက ရန်ကုန်မြို့တွင်းဧရိယာတွေမှာ အငှားဈေးကွက်လိုက်လာတယ်”ဟု အိမ်ခြံမြေအကျိုးဆောင် ဒေါ်သန္တာကပြောသည်။

လက်ရှိ ရန်ကုန်မြို့တွင်းရှိ တိုက်ခန်းများ၌ ငွေကျပ် ငါးသိန်းဝန်းကျင်တိုက်ခန်းများ အငှားဈေးကွက်သွက်နေပြီး မြို့စွန်ဆင်ခြေဖုံးရပ်ကွက်များ၌ ငွေကျပ် နှစ်သိန်းဝန်းကျင်မှစတင်ကာ အိမ်ငှားဈေးကွက်ဖြစ်နေကြောင်း၊ ကွန်ဒို၊ တိုက်ခန်းများမှာ နေရာနှင့် အမျိုးအစားအလိုက် တစ်ခန်းလျှင် ငွေကျပ် ငါးသိန်းဝန်းကျင်မှ သိန်း ၅၀ ဝန်းကျင်အတွင်း အငှားလိုက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ခန့်ခန့်**

ရန်ကုန်၊ သောက်သုံးရေရရှိရေး

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သောက်သုံးရေလိုအပ်နေသည့်နေရာဒေသများသို့ လက်ရှိအချိန်ထိ ရေဂါလန်ပေါင်း ၁၅၀၀၀၀ ကျော် လှူဒါန်းပြီးဖြစ်

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သောက်သုံးရေလိုအပ်နေသည့် ရပ်ကွက်၊ ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဆေးရုံများသို့ ခရိုင်၊ မြို့နယ်အသီးသီးရှိ မီးသတ်တပ်ဖွဲ့ဝင်များက မတ်လ ၂၇ ရက်မှစတင်၍ သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ လက်ရှိအချိန်ထိ ရေဂါလန်ပေါင်း ၁၅၀၀၀၀ ကျော် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် အဓိကအားဖြင့် သောက်သုံးရေ လိုအပ်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ စသည့်မြို့နယ်များသို့ အများဆုံးသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

“ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကနေ ဒီနှစ် နွေရာသီမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းက သောက်သုံးရေလိုအပ်နေတဲ့ ရပ်ကွက်၊ ကျေးရွာတွေကို မတ်လ ၂၇ ရက်ကစပြီး သောက်သုံးရေတွေ စတင်လှူဒါန်းခဲ့ပါတယ်။ လက်ရှိအချိန်ထိ စုစုပေါင်း ရေဂါလန် ၁၅၉၆၀၀ လောက် လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိမှာလည်း သောက်သုံးရေလိုအပ်တဲ့နေရာဒေသတွေကို ဆက်လက်ဖြန့်ဝေလှူဒါန်းနေပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းဝင်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် နှစ်စဉ် နွေရာသီတွင် သောက်သုံးရေအခက်အခဲရှိသော မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လူနေအိမ်များ၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းလေ့ရှိရာ ယခုနှစ်နွေရာသီတွင်လည်း အလားတူ သောက်သုံးရေလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် သောက်သုံးရေများကို အလေအလွင့်မရှိစေဘဲ ချွေတာသုံးစွဲကြရန်နှင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်ပါက နီးစပ်ရာမီးသတ်ဦးစီးဌာနမှ တစ်ဆင့် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**

မြဝတီ ကာတွန်း



# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

မည်သူမဆို သူတစ်ပါးက ကြည်ညိုအောင် ဟန်ဆောင်နိုင်ကြ၏။ သို့ရာတွင် မိမိကိုယ်တိုင်ကြည်ညိုအောင်ကား ဟန်မဆောင်နိုင်ကြချေ။ အကြောင်းကား မိမိကိုယ်တိုင်လွှန်ကျူးထားသောအမှုများကို သူတစ်ပါး မသိသော်လည်း သူကိုယ်တိုင်ကား မသိဘဲမနေနိုင်။ သိပြီးဖြစ်နေသောကြောင့်တည်း။

ထို့နောက် အောင် မှတ်သားထားသော ဤဆောင်းပါးတွင် "ဘေးနှစ်မျိုး" ဆိုတာရှိသည်တဲ့။

မိမိကိုယ်ကိုမိမိ စွပ်စွဲသောဘေး။

အတ္တာနုဝါဒဘေး။

သူတစ်ပါးက စွပ်စွဲသောဘေး။

ပရာနုဝါဒဘေး။

သူတစ်ပါးစွပ်စွဲသောဘေးကား ဖြေရှင်းရှောင်တိမ်းလို့ရနိုင်၏။ အတ္တာနုဝါဒဘေးကား ဖြေရှင်းရှောင်တိမ်း၍ မရနိုင်ပေတဲ့။

အိပ်ရာဝင်၍ ခေါင်းအုံးပေါ်မှာ ခေါင်းချလိုက်သည်နှင့်တစ်ပြိုင်နက် ငါဟာ ဘယ်လိုလူစားလဲဟူသော အသိပေါ်လာတတ်သည်။

သို့ကြောင့် ငါ့အကြောင်းကို ခေါင်းအုံးအသိဆုံးဟု ဆိုစမှတ်ပြုကြလေသည် ဆိုထားသည်။

"ငါ့အကြောင်း ခေါင်းအုံးအသိဆုံးတဲ့"

သည်စကား အောင် သိပ်ကြိုက်သည်။

သေခါနီးဆဲဆဲလူတွေဟာ ကိုယ်လုပ်ခဲ့သမျှကုသိုလ်၊ အကုသိုလ်တွေကို ဝေဒနာနှင့်တွဲလျက်ပေါ်လာပြီး ကိုယ်လားရာဘဝကို အာရုံနိမိတ်၌ ထင်လာတတ်သည်ဟု ဘကြီးကပြောဖူးသည်။

ရုတ်ခြည်း အောင့်ခေါင်းထဲ၌ ကိုလတ်နှင့်ကိုအောင်တို့ကို အတွေးထဲ ပေါ်လာသည်။

သူတို့နှစ်ယောက် ကုသိုလ်တွေအပြုများသလား၊ အကုသိုလ်တွေ အပြုများသလား။

ပြောစရာရှိတာတစ်ခုကတော့ ကိုလတ်၊ ကိုအောင်တို့ဟာ နိဗ္ဗာန်ထက် ဘဝကို ပိုချစ်မိတယ်တဲ့။

သူတို့မှာ အဘိဇ္ဈာတွေ၊ လောဘတွေ သူများထက် ကင်းတာတော့ အမှန်ပါပဲ။

လူအများစုအတွက် လမ်းသစ်တစ်ခုကို ထွင်လို့တော့ လျှောက်နေတာပဲ။

**"အောင်သည် စာအုပ်တွေချပြီး ဘကြီးနှင့် တစ်ခါ ဆွေးနွေးဖူးသည်။**

**မရှင်းလင်းမပြေလည်လှ။**

**ဦးနှောက်သည် နုနယ်လွန်းသဖြင့် အယူအဆတွေ ရှုပ်ထွေးနေတာအမှန်ပင်။**

**ဘကြီးက ရယ်မောလျက် အောင့်ခေါင်းကိုပုတ်ရင်း "နင်ရှုးသွားမယ်၊ သိပ်မစဉ်းစားနဲ့" ဟုပြောသည်။**

**သည်လောက၌ အောင် မသိသေးသောအကြောင်း အရာတွေ အများကြီးရှိနေလိမ့်မည်ထင်သည်. . ."**

ဒါကို ဘယ်လိုဝေဖန်ကြမည်လဲ။

သက္ကာယဒိဋ္ဌိလား။

ဘဝကို ခင်တွယ်တာလား။

အပြစ်ကင်းစင်တဲ့ သုစရိုက် ၁၀ ပါးဝင်လား။

သန့်စင်တဲ့သီလပေလား။

အောင်သည် စာအုပ်တွေချပြီး ဘကြီးနှင့် တစ်ခါဆွေးနွေးဖူးသည်။

မရှင်းလင်းမပြေလည်လှ။

ဦးနှောက်သည် နုနယ်လွန်းသဖြင့် အယူအဆတွေ ရှုပ်ထွေးနေတာ အမှန်ပင်။

ဘကြီးက ရယ်မောလျက် အောင့်ခေါင်းကိုပုတ်ရင်း "နင်ရှုးသွားမယ်၊ သိပ်မစဉ်းစားနဲ့" ဟုပြောသည်။

သည်လောက၌ အောင် မသိသေးသောအကြောင်းအရာတွေ အများကြီးရှိနေလိမ့်မည်ထင်သည်။

**အခန်း (၃၉)**

အောင် မုန့်ဟင်းခါးချက်တတ်သည်ဆိုတာကို ကိုလတ်၊ ကိုအောင်၊ ဒေဝနှင့် ဗလတို့ ဘယ်သူမှမယုံ။

ဝိုင်းဟားနေကြသည်။

ချောစု၊ မမစံနှင့် ဆန်းဆန်းမြင့်တို့က ထောက်ခံပြောတာတောင် "အချင်းချင်းရိုင်းပင်းကြတာကိုး" ဟု ဒေဝတို့က စွပ်စွဲသည်။

ဒေဝနှင့်ဗလတို့ ရန်ကုန်ရောက်တုန်း အောင်က သူ့ဘကြီးအိမ်မှာ သူ့မုန့်ဖိုးနှင့်သူ မုန့်ဟင်းခါးချက်ကျွေးဖို့ တာဝန်ယူသည်။

ဘာလိုလို့နှင့် အောင် အလကားနေရင်း ၂၃ နှစ်တင်းတင်းပြည့်မည်ပဲ။

အသက်တွေက ကျောင်းပိတ်ရင်း ကြီးသွားတာပဲ။

အချိန်ဆိုတာ လူတွေကို စိတ်ရှည်ရှည်နှင့် လက်တွဲစောင့်ခေါ်တဲ့အရာမျိုးမှမဟုတ်တာ။

သူက သူ့အလုပ်ကို လုပ်သွားတာပဲ။

ဘယ်သူ့ကို စောင့်နိုင်မတုံး။

"ကိုလတ် အသက်ဘယ်လောက်ရှိပြီလဲ" ဟု ထိုနေ့ကမေးမိသည်။

မဆင်မခြင်စကားပြောသောဒေဝက "နင့်နှယ်ဟယ် ကလေးရမှပဲ မေးပါတော့"ဟု ဝင်ပြောသဖြင့် ချောစုတို့က ဒေဝကိုဝိုင်းအော်ပြီး တဖြန်းဖြန်းရိုက်ကြသည်။

ဒေဝက စပ်ဖြဲဖြဲနှင့် အလိုက်မသိပြောမိတာကို နောင်တရဟန်မတူဘဲ ရယ်နေသည်။

အောင်သည် မတ်တတ်ရပ်နေရာမှ ဒူးတွေက အလိုလိုညွတ်လာသဖြင့် ထိုင်ချလိုက်တော့ လက်ကကိုင်ထားသော ကြွေပန်းကန်ငယ်တစ်ချပ်သည် လွတ်ကျသွားသည်။

"ဟော. . . ဟော"

ကိုအောင်ကပြောရင်း မြုံစိစိနှင့်ပြုံးနေသည်။

ကိုအောင်တစ်ယောက် နောက်ချင်၊ ပြောင်ချင်သလိုနှင့် အဲဒီလိုပြုံးတာကို သိပ်မုန်းတာပဲဟု အောင်က စိတ်ထဲကတွေးရင်း ကိုအောင့်ကို မျက်စောင်းထိုးလိုက်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

**အင်းလေး၊ စိုက်ပျိုးစီးပွား**

## ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသမှထွက်ရှိသည့် အရည်အသွေးကောင်း ခရမ်းချဉ်သီးများ အရောင်းသွက်နေ



ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသမှထွက်ရှိသည့် အရည်အသွေးကောင်းခရမ်းချဉ်သီးများ ဈေးကောင်းပြန်လည်ရရှိကာ အရောင်းသွက်နေကြောင်း အင်းလေးဒေသမှ ခရမ်းချဉ်သီးစိုက်ပျိုးသူများ၏ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့်လအတွင်းက ဒေသအစုံမှ ခရမ်းချဉ်သီးလှိုင်လှိုင်ထွက်ရှိနေသည့်အတွက် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀ ခန့်သာရရှိရာမှ လက်ရှိတွင် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ခန့်ရရှိလာကြောင်း သိရသည်။

"အရည်အသွေးကောင်းမွန်တဲ့ ခရမ်းချဉ်သီးတွေ အရင်လကထက် အရောင်းသွက်လာပြီး ဈေးကောင်းရနေပါတယ်"ဟု အင်းလေးဒေသမှ ခရမ်းချဉ်သီးစိုက်ပျိုးသူ ဦးခွန်ထွန်းကပြောသည်။

လတ်တလောတွင် တခြားဒေသမှ ထွက်ရှိသည့် ခရမ်းချဉ်သီးများ ဈေးကွက်အတွင်းဝင်ရောက်မှုနည်းလာသော်လည်း အင်းလေးဒေသမှထွက်ရှိသည့် အရည်အသွေးကောင်းသည့် ခရမ်းချဉ်သီးများ ဈေးကောင်းရရှိပြီး အရောင်းသွက်လျက်ရှိသည်။

ခရမ်းချဉ်သီးကို တချို့ဒေသများ၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး စနစ်တကျ စိုက်ပျိုးပါက ကုန်းမြေတွင် တစ်ဧကအထွက်နှုန်း ပိဿာ ၅၀၀၀ မှ ၈၀၀၀ အထိထွက်ရှိနိုင်ပြီး အင်းလေးဒေသတွင် တစ်ဧကလျှင် ပိဿာချိန် ၁၀၀၀၀ ထွက်ရှိနိုင်ကြောင်း သိရသည်။

ခရမ်းချဉ်သီးကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြောင်း သိရသည်။ **ဝါဝါ**

---

**မိတ္ထီလာ၊ သောက်သုံးရေရရှိရေး**

## မိတ္ထီလာခရိုင်အတွင်းရှိကျေးရွာများ၌ သောက်သုံးရေအဆင်ပြေစေရေးအတွက် ကျေးလက်ရေရရှိရေး လုပ်ငန်းများဆောင်ရွက်မည်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျေးရွာ ၁၃ ရွာမှ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်တို့၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၆၉ ဒသမ ၅၆၄ သန်းဖြင့် ခရိုင်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ်၌ ကျေးရွာငါးရွာ၊ မလှိုင်မြို့နယ်၌ ကျေးရွာသုံးရွာ၊ ဝမ်းတွင်းမြို့နယ်၌ ကျေးရွာသုံးရွာနှင့် သာစည်မြို့နယ်၌ ကျေးရွာနှစ်ရွာတို့တွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၁၉၃၁ အိမ် လူဦးရေ ၉၁၉၅ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

ကျောက်ဆည်၊ လူငယ်ရေးရာ

# ကျောင်းသား ကျောင်းသူများ ကာယ ဉာဏ စာရိတ္တကောင်းမွန်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော မြန်မာ့သိုင်းသင်တန်းဆင်းပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တကောင်းမွန်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော မြန်မာ့သိုင်းသင်တန်းဆင်းပွဲကို ဧပြီလ ၂၇ ရက်က ကျောက်ဆည်မြို့နယ်ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တ ကောင်းမွန်စေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော လူငယ်များဖြစ်လာစေရေး မြန်မာ့သိုင်းပညာကို အခမဲ့သင်ကြားပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင်သင်ကြားပေးခဲ့သော မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အသိအမှတ်ပြု ဇေယျာသိဒ္ဓိသိုင်းပင်မ(ရွှေတောင်) ပင်မဌာနခွဲ(၂) ကျောက်ဆည်မှ လက်ထောက်နည်းပြ မောင်အောင်စိုးမိုးနှင့် မောင်ဝေယံဖြိုးတို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်သည်။

မြန်မာ့သိုင်းသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီလ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ရန်ကုန်၊ ယာဉ်မတော်တဆမှု

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ မတ်လအတွင်း ယာဉ်မတော်တဆမှု ၁၄ ကြိမ်ဖြစ်ပွား


ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ပြီးခဲ့သည့်မတ်လအတွင်း ယာဉ်မတော်တဆမှု ၁၄ ကြိမ်ဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၇ ဦးနှင့် သေဆုံးသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်းသုံးဦးရှိသည်။ ယာဉ်မတော်တဆမှုများတွင် အရှိန်ပြင်း နှစ်မှု၊ အိပ်ငိုက်မှု လေးမှု၊ မဆင်မခြင်မောင်းနှင်မှု ရှစ်မှု စသည့်လူကြောင့်ဖြစ်ပွားသောအမှု စုစုပေါင်း ၁၄ မှုဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၃၇၄၀၀၀၀ ရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် လူကြောင့်ဖြစ်ပွားခြင်းအပြင် ယာဉ်ကြောင့်၊ လမ်းကြောင့်နှင့် ရာသီဥတုကြောင့်ဖြစ်ပွားခြင်းဟူ၍ရှိပြီး လူကြောင့်ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ အိပ်ငိုက်၊ လမ်းကူးသူပေါ့ဆမှု၊ အနေးယာဉ်ပေါ့ဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ မဆင်မခြင်မောင်းနှင်မှု စသည်တို့ကြောင့်ဖြစ်ကြောင်း၊ ယာဉ်ကြောင့်ဖြစ်ပွားရာတွင် ဘီးပေါက်ခြင်း၊ စက်ချို့ယွင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**စောယု**

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၇. ၂ ˚C |
| မင်းဘူး | ၄၅. ၆ ˚C |
| မကွေး | ၄၅. ၃ ˚C |
| အောင်လံ | ၄၅. ၃ ˚C |
| မြင်းမူ | ၄၅. ၀ ˚C |
| ညောင်ဦး | ၄၅. ၀ ˚C |
| တောင်တွင်းကြီး | ၄၄. ၉ ˚C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၄. ၃ ˚C |
| မြင်းခြံ | ၄၄. ၂ ˚C |
| ဆင်ဖြူကျွန်း | ၄၃. ၉ ˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မချမ်းဘော | (၀. ၁၆)လက်မ |
| ပူတာအို | (၀. ၁၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၃၅ |
| ရှမ်း(မြောက်) | ၁၉ | ၃၃ |
| ရှမ်း(အရှေ့) | ၁၆ | ၃၃ |
| ရှမ်း(တောင်) | ၁၈ | ၃၅ |
| ချင်း | ၁၆ | ၃၁ |
| စစ်ကိုင်း(အထက်) | ၂၂ | ၄၀ |
| စစ်ကိုင်း(အောက်) | ၂၅ | ၄၃ |
| နေပြည်တော် | ၂၉ | ၄၂ |
| မန္တလေး | ၃၀ | ၄၅ |
| မကွေး | ၂၆ | ၄၅ |
| ရခိုင် | ၂၆ | ၃၃ |
| ပဲခူး | ၂၆ | ၄၂ |
| ရန်ကုန် | ၂၆ | ၄၀ |
| ဧရာဝတီ | ၂၅ | ၄၀ |
| ကယား | ၂၃ | ၃၈ |
| ကရင် | ၂၆ | ၄၀ |
| မွန် | ၂၇ | ၃၈ |
| တနင်္သာရီ | ၂၅ | ၃၉ |

ရေကြည်၊ စိုက်ပျိုးရေး

# ရေကြည်မြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၃၅၃၆ ဧက နုတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၃၅၃၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်၏ပြောကြားချက်အရ သိရသည်။

ရေကြည်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၃၅၃၆ ဧကအထိ လျာထားစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ မြေပဲများကို ယခုနှစ်ဖေဖော်ဝါရီလဒုတိယပတ်မှစတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့နုတ်သိမ်းပြီးဖြစ်သော မြေပဲတစ်ဧကလျှင် ၇၂ ဒသမ ၅၆ တင်းအထိထွက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေကြည်မြို့နယ်အနေနဲ့ မြေပဲ ၃၅၃၆ ဧကအထိ စိုက်ပျိုးခဲ့ပါတယ်။ ရေကြည်မြို့နယ်မှာတော့ ဆီထွက်သီးနှံတွေကို ဆောင်းကာလမှ အဓိကထားစိုက်ပျိုးကြတာပါ။ လက်ရှိ စိုက်ပျိုးထားတဲ့ မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပါပြီ။ ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်"ဟု ဦးကျော်ကျော်က ပြောသည်။

ရေကြည်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့် သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

ရန်ကုန်၊ လူမှုရေး

# ဆဋ္ဌမအကြိမ် သီတဂူစက္ခုဒါန အလှူတော်အစီအစဉ်ကို မေလအတွင်းဆောင်ရွက်မည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ ဆဋ္ဌမအကြိမ် သီတဂူစက္ခုဒါနအလှူတော်အစီအစဉ်ကို မေလအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်) စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

အဆိုပါ သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်) ၌ စီစဉ်ဆောင်ရွက်မည့် ဆဋ္ဌမအကြိမ် သီတဂူစက္ခုဒါနအစီအစဉ်အတွက် ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာနိုင်ငံတစ်ဝန်းရှိ မျက်စိရောဂါဝေဒနာရှင်များ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အဆိုပါ ဝေဒနာရှင်အားလုံးကို သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)မှ အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးမည့်အပြင် မျက်စိရောဂါဝေဒနာရှင်များ၏ နေထိုင်စားသောက်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆဋ္ဌမအကြိမ် သီတဂူစက္ခုဒါနအလှူတော်အစီအစဉ်တွင်ပါဝင်ပြီး စမ်းသပ်ခွဲစိတ်ကုသမှုခံယူလိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) စာကြည့်တိုက်(ရုံးခန်း)သို့ ကိုယ်တိုင်ဖြစ်စေ၊ ဝေဒနာရှင်ကိုယ်စား တစ်စုံတစ်ယောက်မှဖြစ်စေ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ထိုသို့ လာရောက်စာရင်းပေးသွင်းရာတွင် မျက်စိရောဂါဝေဒနာရှင်၏ အမည်၊ အဖအမည်၊ နေရပ်လိပ်စာ၊ အသက်၊ မှတ်ပုံတင်အမှတ်နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉- ၄၂၀၀၆၂၂၂၇၊ ၀၉-၄၅၇၇၇၁၃၁၃ နှင့် ၀၉-၂၅၉၁၄၇၄၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

နေပြည်တော်    ဧပြီ    ၂၈

# နေပြည်တော်ကောင်စီမှကြီးမှူးဖွင့်လှစ်သည့် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



နေပြည်တော်ကောင်စီမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်တာဝန်ရှိသူများ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ နေပြည်တော်အမျိုးသမီးနှင့်ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများဖြစ်သည့် ဗုဒ္ဓစာပေသင်ကြားမှုများကို ဆက်လက်ထိန်းသိမ်းပြီးမျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးလိမ္မာစေရန်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓဘာသာမြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် လူငယ်လူရွယ်များဖြစ်လာစေရန် အတွက်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သင်ကြားပို့ချပေးမည့် ယဉ်ကျေးလိမ္မာသင်တန်းမှ တစ်ဆင့် အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးတတ်သော သားကောင်းရတနာ သမီးကောင်းရတနာများဖြစ်အောင် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းပြီး ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယဉ်ကျေးလိမ္မာသင်တန်းအတွက် ၃၈ ဖြာမင်္ဂလာ၊ ဗုဒ္ဓဝင်၊ ဘုရားရှိခိုးနှင့် ပြည်သူ့နီတိစာအုပ်များကိုလည်းကောင်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သီတာဇင်နှင့်တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းတက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူများကို အာဟာရကျွေးမွေးရန်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းနည်းပြတစ်ဦးတို့က လက်ခံရယူကြသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို သင်ထောက်ကူစာရေးကိရိယာများနှင့် အာဟာရဖြည့် အစားအစာများကို ပေးအပ်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းကို နေပြည်တော်ကောင်စီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသား၊ သမီးများနှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းသား၊ သမီးများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၂ ဦးတို့ကို ဧပြီလ ၂၈ ရက်မှ မေလ ၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

တောင်ကြီး    ဧပြီ    ၂၈

# ၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်းဖွင့်ပွဲကျင်းပ အထင်ကရဘုရားစေတီပုထိုးများ၊ အထင်ကရနေရာများသို့ လှည့်လည်လေ့လာ



၂၀၂၄ ခုနှစ် တောင်ကြီး လူရည်ချွန်စခန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်းဆိုင်းဘုတ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် တောင်ကြီးလူရည်ချွန်စခန်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လူရည်ချွန်မောင်မယ်များ လေ့လာရေးခရီးစဉ်တွင် ဒေသခံပြည်သူများ၏ဘဝ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် လက်မှုအနုပညာများ အစရှိသဖြင့် မှတ်သားဖွယ်ရာများကို ထဲထဲဝင်ဝင်သိရှိအောင် လေ့လာကြရန်နှင့် မိမိမှတစ်ဆင့် အခြားသူများကို ပြန်လည်မျှဝေပေးနိုင်ရေး ကြိုးစားလေ့လာရန် မှာကြားလိုကြောင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ မတူညီသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို အချင်းချင်းဖလှယ်ရယူပြီး တစ်ဦးပေါ်တစ်ဦးနားလည်ကာ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်လာစေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိကြစေရန် အထူးမျှော်လင့်မိကြောင်း၊ နိုင်ငံအကျိုး၊ လူမျိုးအကျိုး၊ ဘာသာ သာသနာ ပညာအကျိုးတို့ကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ၊ ဝီရိယစွမ်းအားရှိသမျှ သယ်ပိုးထမ်းဆောင်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးကြပ်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လူရည်ချွန်မောင်မယ်များကိုယ်စား ကျောင်းသားတစ်ဦးကို ရင်ထိုးတံဆိပ်တပ်ဆင်ပေးသည်။ ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ရင်ထိုးတံဆိပ်များကိုပေးအပ်ရာ လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်မောင်မယ်နှစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်း ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ဧည့်သည်တော်များအား နေရာအရောက်ပေးအပ်ပြီး လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့က ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ လူရည်ချွန်မောင်မယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန်မောင်မယ်များသည် စူဠာမုနိဘုရားအား သွားရောက်ဖူးမြော်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် နေ့လယ်စာသုံးဆောင်ကြပြီး တောင်ကြီးမြို့၏ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရားအား သွားရောက်ဖူးမြော်၍ ဘုရားပေါ်မှ တောင်ကြီးမြို့၏ သဘာဝအလှရှုခင်းများ ကြည့်ရှု၍ အမှတ်တရဓာတ်ပုံများ ရိုက်ကြကာ တောင်ကြီးမြို့ မြို့မဈေးသို့သွားရောက်၍ ဒေသထွက်ကုန်များနှင့် စားသောက်ကုန်များ၊ လူသုံးကုန်များ ရောင်းဝယ်နေမှုကို ကြည့်ရှုလေ့လာကြပြီး အမှတ်တရအဖြစ် ဒေသထွက်ကုန်များကိုဝယ်ယူအားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဒသမတန်း လူရည်ချွန်မောင်မယ် ၁၄၀ ဦးတို့သည် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းတွင် အခြေပြု၍ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ အထင်ကရဘုရားစေတီပုထိုးများ၊ အထင်ကရနေရာများသို့ လှည့်လည်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မန္တလေး၊ ဒေသဖွံ့ဖြိုးရေး

# မန္တလေးဘူတာကြီးအနီး၌ လျှပ်စစ်သုံးယာဉ် အားသွင်းရုံ(EV Charging Station)ဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကဉ္စနမဟီရပ်ကွက်လမ်း ၃၀ နှင့် ၇၉ လမ်းထောင့် မန္တလေးဘူတာကြီးအနီး၌ လျှပ်စစ်သုံးယာဉ်များအတွက် လျှပ်စစ်အားသွင်းရုံ(EV Charging Station) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၇ ရက်နံနက်ပိုင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ကမြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်စနစ် ပေါ်ပေါက်ရေးအတွက်မန္တလေးမြို့တွင် Pilot Project များဆောင်ရွက်ရန် ခုနစ်နေရာလျာထားပြီး မန္တလေးဘူတာကြီးအနီး၌ ဖွင့်လှစ်သည့် EV Charging Station သည် ခြောက်ခုမြောက်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးက မန္တလေးမြို့၌ EV Taxi၊ EV မော်တော်ယာဉ်များအသုံးပြုမှုနှင့် E-Bus များပြေးဆွဲရန်စီစဉ်ဆောင်ရွက်မှုများကိုပြောကြားပြီး MG-Myanmar မှတာဝန်ရှိသူတစ်ဦးက လျှပ်စစ်အားသွင်းရုံတည်ဆောက်ဖွင့်လှစ်မှုကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် လျှပ်စစ်သုံးယာဉ်ဓာတ်အားသွင်းရုံဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လျှပ်စစ်သုံးယာဉ်များလျှပ်စစ်ဓာတ်အားသွင်းနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

တောင်ငူ၊ ဒေသဖွံ့ဖြိုးရေး

# တောင်ငူမြို့နယ် အိုင်သုံးဆင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများစစ်ဆေး

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများက အိုင်သုံးဆင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၂၈ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ခရိုင်မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့်ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အိုင်သုံးဆင့်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ၊ လအလိုက်ပေးပို့ရမည့်စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိတို့အား ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အရင်း၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တောင်ငူမြို့နယ် အိုင်သုံးဆင့်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၇၃ ဦးအား ချေးငွေကျပ် ၁၉ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၅၃ ဦးအား ချေးငွေကျပ် ၁၅ ဒသမ ၃၀ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်သူ ၉၃ ဦးအား ချေးငွေကျပ် ၂၀ ဒသမ ၀၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၁၉ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၄၀ သန်း ထုတ်ချေးပေးထားကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**ကိုညို(ကျေးလက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၂၄(တနင်္လာနေ့)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၈:၂၀ | ရှေးဟောင်းသုတ | ၁၅။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း - အချစ်ဆုံးသူရဲ့ရင်မှာ အပိုင်း (၂)** |
| ၂။ | ၆:၀၃ | တရားတော် | ၉။ | ၉:၂၅ | ကျန်းမာသုတ | | | |
| ၃။ | ၇:၁၆ | မေတ္တာပို့ | ၁၀။ | ၁၀:၁၅ | စာဆိုစစ်သည် ကလောင်ရှင်များ | | | |
| ၄။ | ၇:၂၀ | ဓမ္မပူဇာတေး | | | | ၁၆။ | **ညစာနာရီ သတင်း အပြီး** | နိုင်ငံတကာသတင်း |
| ၅။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၁။ | ၁၀:၂၅ | မေးမြန်းစူးစမ်း | ၁၇။ | | မိုးလေဝသသတင်း |
| | | | ၁၂။ | ၁၀:၃၅ | သီချင်းလက်ဆောင် | ၁၈။ | | Liked |
| ၆။ | ၇:၃၅ | မျိုးချစ်တပ်မတော် | ၁၃။ | ၁၂:၀၀ | For Beauty | ၁၉။ | | မှတ်တမ်း |
| ၇။ | ၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၁၄။ | ၁၆:၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၂၀။ | | တရားတော် |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ကဆုန် နယုန်ဆွေ့ဆွေ့ခုန်သော ပူပြင်းသည့်လရာသီမှာ သတိပြုစရာ

> “တချို့မှာ ဦးနှောက်အတွင်း သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ပြီး သွေးထောက်ပံ့မှုမရရှိခြင်း၊ ပေါက်သွားသောသွေးများသည် ခဲပြီး ဦးနှောက်ရှိ အရေးကြီးသော နေရာများကို ဖိမိခြင်းတို့ကြောင့် လေဖြတ်ခြင်းသာမက ပြင်းထန်သောလက္ခဏာများဖြစ်သည့် စကားမေးမရခြင်း၊ မျက်စိမဖွင့်ခြင်း၊ အသက်မသေဆုံးသော်လည်း သတိမရတော့ခြင်းစသော အခြေအနေဆိုးသို့ ရောက်ရှိသူများလည်းရှိသည်။
>
> တစ်ခါတစ်ရံ အလွန်ပူပြင်းသောအချိန်တွင် ရေဖျန်းခြင်း၊ ရေအေးချိုးခြင်း၊ အေးသောရေကို တစ်နည်းနည်းဖြင့် ထိတွေ့ခြင်းတို့ကြောင့် အပူလျှပ်ပြီး လေဖြတ်သလိုဖြစ်လေ့ရှိသည်။ သွေးတိုးကြောင့် လေဖြတ်ခြင်းနှင့် ခပ်ဆင်ဆင်တူသော်လည်း အမှန်တကယ် အပြည့်အဝလေဖြတ်ခြင်းမဟုတ်ပေ. . .”

မြန်မာနိုင်ငံရာသီဥတုမှာ မတ်လ၊ ဧပြီလနှင့် မေလတို့တွင် ပူပြင်းလေ့ရှိသည်။ အထူးသဖြင့် မေလတွင် မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီး ပြန်ပူသောအခါ နေထိုင်မကောင်းဖြစ်လေ့ရှိသည်။ ပြက္ခဒိန်တွင် မြန်မာလရာသီအားဖြင့် ကဆုန်၊ နယုန်လတို့သည် မနေနိုင်အောင် ပူပြင်းသောလများဖြစ်သဖြင့် ရှေးလူကြီးများက ကဆုန်၊ နယုန်ဆွေ့ဆွေ့ခုန်ဟု စာဆိုခဲ့ခြင်းဖြစ်မည်ဟုထင်သည်၊ အမှန်ပင်။ လေမတိုက်ဘဲ ပူအိုက်နေသောအခါများတွင် အိမ်အနီးရှိ ရေကန်နှင့် သောက်ရေအိုးများမှ ရေများပါပူပြီး မချိုးနိုင်၊ မသောက်နိုင်ဖြစ်ရသည်ကို ဤလတွင် တွေ့ကြုံရသည်။

ပြီးခဲ့သောနှစ်ပိုင်းက စာရေးသူ၏ တိုင်းရင်းဆေးအကြောပြင် ဆေးကုခန်းသို့ မန္တလေးမြို့အနီး စဉ့်ကိုင်ရပ်မှ ဆရာတော်တစ်ပါးကို ကားဖြင့်ပင့်လာကြသည်။ ဆရာတော်ကြီးမှာ သက်တော် ၈၀ ပြည့်၍ ၈၁ နှစ်အတွင်းသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ညာဘက်တစ်ခြမ်း ခြေ၊ လက် ကောင်းစွာမလှုပ်နိုင်။ လေဖြတ်သကဲ့သို့ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံတစ်ခုတွင် ကုသမှုခံယူပြီး ဆေးရုံမှ ဆင်းလာခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ ဆရာတော်သည် လေဖြန်းသလိုဖြစ်မည့်နေ့က နေ့ခင်းပိုင်း အလွန်ပူပြင်းသဖြင့် ညပိုင်း ၇ နာရီ၊ ၈ နာရီအတွင်း၌ အပင်များကို ရေလောင်းသည်ဟုဆိုသည်။ ရေလောင်းသောအခါ ခန္ဓာကိုယ်အောက်ပိုင်းကိုလည်း ရေအနည်းငယ်စိုသည်။ အိပ်ချိန်တွင် ရေစိုသည့်သင်္ကန်းများကို လဲလှယ်ပြီး ဘုရားဝတ်ပြုပြီးနောက် အိပ်ရာဝင်သည်။ နံနက်လင်းပိုင်းရောက်သောအခါ ဆရာတော်ကြီးသည် ရုတ်တရက် အိပ်ရာမှထသောအခါ မထနိုင်။ ပြန်လဲကျသဖြင့် အနီးအနားမှ ဦးပဉ္စင်းနှင့်ကိုရင်လေးများကို လှမ်းခေါ်အကူအညီတောင်းပြီး ထရသည်ဟုဆိုသည်။

ဆရာတော်ကြီးသည် သင်္ကန်းကိုလည်း မိမိညာလက်ဖြင့်မရုံနိုင်။ ညာခြေဖြင့်လည်း မတ်မတ်ရပ်ပြီး လမ်းမသွားနိုင်။ သို့သော် စကားကို ပီသအောင်ပြောနိုင်သည်။ ခေါင်းမူးနောက်ခြင်းမရှိ။ ထိုင်ပေးလျှင်လည်း ကောင်းစွာထိုင်နိုင်သည်။ ကျောင်းမှ ဦးပဉ္စင်းများက လေဖြတ်မသွားစေရန် အချိန်မီဆေးရုံသို့ပို့ပေးရန်စီစဉ်ကြသည်။

ဆေးရုံရောက်သောအခါ ဆရာတော်ကို ရောဂါရှာဖွေကြသည်။ ခေတ်မီစက်ကြီးများဖြင့် ဦးခေါင်းကို ဓာတ်မှန်ရိုက်ပြီး ရောဂါရှာဖွေကြသည်။ သံလိုက်ဓာတ်မှန်ခေါ် စက်ကြီးဖြင့် ဆရာတော်၏ဦးနှောက်တွင် သွေးခဲပိတ်ဆို့မှုရှိ၊ မရှိ သို့မဟုတ် သွေးကြောပေါက်ခြင်းရှိ၊ မရှိကို ရှာဖွေကြသည်။ ထူးဆန်းသည်မှာ ဆရာတော်ကြီး၏ဦးနှောက်တွင် သွေးကြောများထောက်ပံ့မှုသည် ပုံမှန်ဖြစ်ပြီး သွေးခဲပိတ်ဆို့ခြင်းလည်းမတွေ့။ သွေးကြောပေါက်သည့် စိမ့်ထွက်သည့်လက္ခဏာလည်း တစ်စုံတစ်ရာမတွေ့ရှိရခြင်းဖြစ်သည်။

ထို့ကြောင့် ဆရာတော်၏ညာဘက်ခြမ်း လေဖြန်းခြင်း သို့မဟုတ် အပြည့်အဝ မလှုပ်ရှားနိုင်ခြင်းမှာ ဦးနှောက်၏ချို့ယွင်းချက်ကြောင့်မဟုတ်ဟု ဆိုရမည်ဖြစ်သည်။

အနောက်တိုင်းဆေးပညာအရ ဦးခေါင်းတွင်းရှိ ဦးနှောက်၏ ဘယ်ဘက်ခြမ်းသည် ခန္ဓာကိုယ်၏ ညာဘက်ခြမ်းလှုပ်ရှားမှုအတွက် ထိန်းညှိဆောင်ရွက်ပေးသည်။ ထို့အတူ ဦးနှောက်၏ ညာဘက်ခြမ်းသည် ခန္ဓာကိုယ်၏ ဘယ်ဘက်ခြမ်းလှုပ်ရှားမှုအတွက် ထိန်းညှိဆောင်ရွက်ပေးသည်။

အကယ်၍ လူတစ်ဦး၏ဘယ်ဘက်ခြမ်း ဦးနှောက်အတွင်း သွေးတိုးဆောင့်တက်၍ သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေး ထောက်ပံ့မှုမရရှိခြင်းဖြစ်ပါက ထိုသူ၏ ညာဘက်ခြမ်းခန္ဓာကိုယ် ခြေလက်များလှုပ်ရှားမှုကို အပြည့်အဝ ဆောင်ရွက်နိုင်တော့မည်မဟုတ်ပါ။ ပို၍ဆိုးသည်မှာ ညာဘက်ခြမ်းလေဖြတ်လျှင် လျှာပါပါသဖြင့် ကောင်းစွာစကားမပြောနိုင်ခြင်း၊ စကားလုံးများမပီသခြင်း၊ တချို့တွင် လုံးဝစကားမပြောနိုင်ခြင်းဖြစ်လေ့ရှိသည်။ ဘယ်ဘက်ခြမ်း လေဖြတ်သူများမှာ များသောအားဖြင့် ခြေလက်အင်္ဂါများ မလှုပ်ရှားနိုင်သော်လည်း စကားကောင်းစွာပြောဆိုနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ညာဘက်ခြမ်းလေဖြတ်ခြင်းသည် ဘယ်ဘက်ခြမ်းလေဖြတ်ခြင်းထက် ပို၍ဆိုးသည်ဟု ဆိုကြခြင်းဖြစ်သည်။

တချို့မှာ ဦးနှောက်အတွင်း သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ပြီး သွေးထောက်ပံ့မှုမရရှိခြင်း၊ ပေါက်သွားသောသွေးများသည် ခဲပြီး ဦးနှောက်ရှိ အရေးကြီးသော နေရာများကို ဖိမိခြင်းတို့ကြောင့် လေဖြတ်ခြင်းသာမက ပြင်းထန်သောလက္ခဏာများဖြစ်သည့် စကားမေးမရခြင်း၊ မျက်စိမဖွင့်ခြင်း၊ အသက်မသေဆုံးသော်လည်း သတိမရတော့ခြင်းစသော အခြေအနေဆိုးသို့ ရောက်ရှိသူများလည်းရှိသည်။

တစ်ခါတစ်ရံ အလွန်ပူပြင်းသောအချိန်တွင် ရေဖျန်းခြင်း၊ ရေအေးချိုးခြင်း၊ အေးသောရေကို တစ်နည်းနည်းဖြင့် ထိတွေ့ခြင်းတို့ကြောင့် အပူလျှပ်ပြီး လေဖြတ်သလိုဖြစ်လေ့ရှိသည်။ သွေးတိုးကြောင့် လေဖြတ်ခြင်းနှင့် ခပ်ဆင်ဆင်တူသော်လည်း အမှန်တကယ် အပြည့်အဝလေဖြတ်ခြင်းမဟုတ်ပေ။

စာရေးသူ၏အတွေ့အကြုံများအရ ပြီးခဲ့သော နှစ်အနည်းငယ်ကလည်း မြင်းခြံမြို့အနီးရွာတစ်ရွာမှ တောင်ယာစိုက်ပျိုးသူ အသက် ၃၀ အရွယ် လူလတ်ပိုင်းတစ်ဦးသည် ယခုကဲ့သို့ အလွန်ပူပြင်းသောအချိန် အလုပ်နားပြီး မိမိအိမ်သို့ပြန်ရာတွင် လမ်း၌ အလွန်အေးသော ချောင်းငယ်တစ်ခုကို ဖြတ်ကူးခဲ့သည်ဟုဆိုသည်။ ထိုသို့ဖြတ်ကူးသဖြင့် သူ၏ခါးအောက်ပိုင်းရေစိုခဲ့သည်။ အိမ်ရောက်သောအခါ ရေစိုအဝတ်ကိုလဲပြီး ထမင်းစားသည်။ ထမင်းစားရင်း လက်များလေးလာပြီး ထမင်းလုတ်ပြုတ်ကျသည်ဟုဆိုသည်။ ထို့နောက် မတ်တတ်ရပ်သောအခါ သူ၏ခြေနှစ်ဖက်မှာ ကောင်းစွာမရပ်နိုင်တော့ဘဲ ခွေလဲကျသည်ဟုဆိုသည်။

ထိုသူမှာ အရွယ်ကောင်း လူလတ်ပိုင်းဖြစ်သဖြင့် မိမိတို့ဆေးခန်းတွင် တိုင်းရင်းဆေးဖြင့် ကုသခြင်း၊ အကြောပြင်ပေးခြင်း၊ ဆေးစည်းပေးခြင်းဖြင့် တစ်လခွဲခန့်ကြာသောအခါ အကောင်းပကတိဖြစ်သွားသည်။ ထိုသူ၏ဖြစ်စဉ်ကို ပြန်စဉ်းစားကြည့်သောအခါတွင်လည်း အလွန်ပူသောအခါတွင် အလွန်အေးသောရေဖြင့် ထိတွေ့ခြင်းသည် ခန္ဓာကိုယ်တွင် ရုတ်တရက် အကြောသေခြင်း၊ အကြောဆိုင်းခြင်း၊ အကြောကပ်ခြင်းများ ဖြစ်နိုင်သည်ကို တွေ့ရှိရသည်။ သတိထားသင့်သည့် အချက်ဖြစ်သည်။

**Heat Stroke ခေါ်**

**အပူလျှပ်၍ လေဖြတ်ခြင်း**

အနောက်တိုင်းဆေးပညာအခေါ် Heat Stroke (အပူကြောင့် သတိလစ်ခြင်း၊ လေဖြတ်ခြင်း) တွင် နှစ်မျိုးတွေ့ရသည်။

- ပြင်းထန်သောအပူကြောင့် ရေနှင့် မထိတွေ့ရဘဲ လုံးဝသတိမေ့မြောသွားခြင်း၊ စကားမေးမရခြင်း၊ အဖျားကြီးခြင်း။

- အပူဒဏ်ကြောင့်မခံနိုင်ဘဲ ရေအေးသောက်ခြင်း၊ ရေအေးချိုးခြင်းကြောင့် ရုတ်တရက်သတိလစ်ပြီး လဲကျခြင်း၊ တချို့မှာ အသက်သေဆုံးသွားခြင်း၊ တချို့မှာ ဦးနှောက်အတွင်း သွေးကြောပေါက်သွားသဖြင့် သတိရသောအခါ၊ ဆေးကုသမှုခံယူပြီးသောအခါ ကိုယ်တစ်ခြမ်းလေဖြတ်ခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ စကားမပီခြင်း၊ ပုံမှန်လှုပ်ရှားမှုမပြုလုပ်နိုင်ခြင်း။

အထက်ပါနှစ်မျိုးတွင် တချို့မှာ နေပူထဲတွင် ခရီးသွားလာရာမှ လမ်းဘေးတွင် ရုတ်တရက်လဲကျပြီး အသက်ဆုံးရှုံးသွားသူများရှိသည်။ တချို့မှာ ဆေးရုံရောက်သော်လည်း အဖျားကြီးသဖြင့် အပူပြန်မကျတော့ဘဲ သတိလစ်ရာမှ အသက်သေဆုံးသွားသူများလည်းရှိသည်။ သက်ကြီးရွယ်အိုများ သေဆုံးမှုများသည်။ ငယ်ရွယ်သူများမှာ ခံနိုင်ရည်ရှိသော်လည်း အသက်ကြီးသူများ သေဆုံးရသည်များရှိသည်။ နောက်ထပ်သေဆုံးသူများမှာ အချိန်အခါမရွေး သောက်စားတတ်သည့် အရက်သမားများဖြစ်သည်ကို တွေ့ရှိရသည်။

ဒုတိယအချက်ဖြစ်သည့် အပူဒဏ်ကို ကာကွယ်ရင်း အအေး သို့မဟုတ် ရေအေးနှင့် ရုတ်တရက်ထိတွေ့ပြီးမှ သေဆုံးရသူများမှာ မသေဆုံးသင့်ဘဲ သေဆုံးရသူများဖြစ်သည်။

အသက် ၆၀ ကျော်လူကြီးတစ်ဦးသည် အဲကွန်းနှင့် ကားစီးလာပြီးမှ ပြင်ပသို့ အထွက်တွင် ရုတ်တရက်မူးပြီး လဲကျကာ သတိလစ်သွားသည်။ ဆေးရုံပို့သောအခါ အပူအအေး ရုတ်တရက်ခြားနားချက်ကြောင့် ဦးနှောက်သွေးကြောတစ်ချောင်း ပေါက်သွားသည်ဟုသိရသည်။ အသက်မသေသော်လည်း နာတာရှည်လေဖြတ်ဝေဒနာကို ခံစားရသည်။

ဟိုတယ်လုပ်ငန်းရှင်တစ်ဦးသည် အားလပ်ရက်တွင် ဂေါက်သီးကစားလေ့ရှိရာ တစ်နေ့တွင် နေအလွန်ပူပြင်းသဖြင့် ကစားပွဲကိုရပ်ပြီး ဟိုတယ်သို့ပြန်လာရာ အတွင်းသို့မဝင်ရသေး အပေါက်ဝမှာပင် ဝန်ထမ်းတစ်ဦးပေးသည့် Face Towel ဖြင့် မျက်နှာကိုရေဖတ်တိုက်ကာ အလွန်အေးသော ရေသန့်ဘူးတစ်ဘူးကိုဖွင့်ပြီး သောက်လိုက်ရာ မိနစ်အနည်းငယ်အတွင်း လဲကျသွားပြီး ဟိုတယ်အတွင်းသို့ ပွေ့ခေါ်သွားကြရာ ဆေးရုံသို့ပင် မပို့ဆောင်လိုက်ရဘဲ အသက်ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။

အပူနှင့်အအေးဝိရောဓိသည် အလွန်ကြောက်စရာကောင်းပြီး အခန့်မသင့်လျှင် လူတစ်ဦး၏အသက်ကို ချက်ချင်းနုတ်ယူနိုင်သည်ကို သတိပြုကြရန်လိုသည်။

**ပူပြင်းသောအချိန်တွင်**

**သတိထားရမည့်အချက်များ**

- ပူပြင်းသောရာသီတွင် ရေချိုးလျှင် နံနက်စောစောအချိန်တွင်သာ ချိုးပါ။ နေ့လယ်၊ ညနေစောင်းအချိန်များတွင် ရေမချိုးပါနှင့်။

- ရေမချိုးမီ ရေအေးတစ်ဖန်ခွက်သောက်ပြီးမှ ရေချိုးပါ။

- ရေချိုးလျှင် ဦးခေါင်းမှစ၍ မလောင်းပါနှင့်။ ခြေဖျား၊ ဒူး၊ ပေါင်လယ်စသည်ဖြင့် တဖြည်းဖြည်း အထက်သို့တက်၍ ရေလောင်းပြီးမှ ရေချိုးပါ။

- ရေမချိုးမီ ဆီးသွားထားပါ။ ဆီးအိမ်တွင် ဆီးရှိနေချိန် ရေချိုးလျှင် ဆီးသွားချင်စိတ်ဖြစ်ပေါ်လာပြီး မသွားဘဲ အောင့်ထားပြန်လျှင်လည်း ဆီးပူ၊ ဆီးအောင့် ညောင်းကျရောဂါများဖြစ်တတ်သည်။

- ရေချိုးပြီးလျှင် အချိန်ကြာမြင့်စွာ အဝတ်အစားမဝတ်ဘဲ မနေပါနှင့်။ စွပ်ကျယ်၊ ချည်ထည်ကဲ့သို့ လေဝင်လေထွက်ကောင်းသော အဝတ်အစားများကို ဝတ်ဆင်ပါ။

- နေ့လယ်နေပူပြင်းချိန်တွင် အပြင်မထွက်ပါနှင့်။ ထွက်လျှင် ထီး၊ ဦးထုပ်၊ အဆောင်းအကာများပါပါစေ။

- ညနေစောင်းအချိန်များတွင် သစ်ပင်ပန်းမန်များကို ရေလောင်းခြင်း၊ ရေဖျန်းခြင်းမပြုလုပ်ပါနှင့်။ ထိုသို့ပြုလုပ်၍ မိမိခန္ဓာကိုယ်အောက်ပိုင်းရေစိုလျှင် အပူလျှပ်၍ လေဖြတ်နိုင်သည်ကို သတိပြုပါ။

- ရေခဲရေ၊ အလွန်အေးသောရေများကို မသောက်ပါနှင့်။ ရေနွေးကြမ်းတွင် ဆားအနည်းငယ်ခတ်သောက်ခြင်း သို့မဟုတ် ရေကျက်အေးသောက်ခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကြည်လွင်မြင့် (မုဒြာ)

ပဲခူး၊ လှူမှုရေး

# သစ်တောသစ်ပင်နှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ ပဲခူးမြို့နယ် ဇောင်းတူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဧပြီလ ၂၇ ရက်တွင် သစ်တောသစ်ပင်နှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပဲခူးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်(၂)က အမှာစကားပြောကြားပြီး ပဲခူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောကာ တက်ရောက်လာသူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအချက်အလက်များကို Video Clip ဖြင့် ပြသပေးသည်။



ယင်းနောက် တာဝန်ရှိသူများက ဟောပြောပွဲသို့ တက်ရောက်လာသူများအား သစ်ပင်များနှင့် ပန်းပွင့်သည့်အရိပ်ရအပင်များ ပေးအပ်ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

ရပ်စောက်၊ လှူမှုရေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် နန်းလင်းကျေးရွာ၌ ဧပြီလ ၂၈ ရက်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်ထုတ်ချေးခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်က အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၉၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နန်းလင်းကျေးရွာနှင့်ဘန့်ကွေးကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၉၇ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**မောင်ခိုင်**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှလျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ရှုလိုက်စမ်းပါ့ လှမြင်ကွင်း

➤ လူငယ်တွေ စုပေါင်းလို့
အောင်မြင်ကြောင်း လှဂုဏ်ရည်။
နေပြည်တော်မှာ တွေ့ဆုံကြ
ရှုမဝပြီ။
ဘက်ပေါင်းလှ ပြည့်စုံညီ
ကိုယ့်တိုင်းပြည် တိုးတက်ရေး။
လူရည်ချွန်မောင်မယ်များ
အားမာန်ဝင့်ကြွား။

➤ နေပြည်တော် ဗဟိုမှ
ခွဲခွာကြ သွားဖို့ပြင်။
ပုဂံတွင် လူရည်ချွန်စခန်း
မှတ်တမ်းဂုဏ်အင်။
တချို့က ငွေဆောင်တွင်
စခန်းဝင် လေ့ကျင့်ကြ။
ချောင်းသာနှင့်မြို့တောင်ကြီး
အံ့ချီးဖွယ်ပ။

➤ လူငယ်တွေ နောင်တစ်ခေတ်
မျိုးချစ်စိတ် အရင်းခံ။
တိုင်းပြည်နှင့်လူမျိုး
ကောင်းကျိုးဇကန်။
မျိုးဗီဇရှင်သန်
တွေးခေါ်မှန် ဖြည့်ဆည်းပေး။
ဗလငါးတန် ဘက်စုံပေါင်း
ကောင်းမြတ်တယ်လေး။

➤ လူရည်ချွန်မောင်မယ်များ
သားကောင်းနဲ့သမီးမွန်တွေ။
ထူးချွန်စွာ ကြိုးစားမှု
ဂုဏ်ပြုတယ်လေ။
ဘဝတစ်သက် အောင်မြင်စေ
ခက်ခဲတွေ ကျော်ကာလွှား။
ရည်မှန်းရာ ပန်းတိုင်ရောက်
ထွန်းတောက်စေသား။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ


၂၈-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၇၀၀ | ၂၇၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၂၇၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၀၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၅၀၀-၄၀၀၀ | ၁၃၀၀၀-၂၀၀၀၀ | ၂၆၀၀-၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၈၅၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၅၀၀ | ၄၆၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | တောင်ကြီး | ၇၅၀၀ | ၃၅၀၀ | ၂၇၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | ပုသိမ် | ၅၂၅၀ | ၃၃၅၀ | - | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၂၂၅၀၀ | ၃၀၀ | ၃၅၀ |
| ၆ | မုံရွာ | ၇၀၀၀ | ၄၅၀၀ | - | ၁၆၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၁၁၀၀၀-၁၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၈၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၈၀၀၀ | ၂၁၀၀၀ | ၂၅၀ | ၃၅၀ |
| ၇ | မြိတ် | ၆၂၅၀ | ၃၆၀၀ | ၃၁၂၅ | ၁၆၅၀၀-၁၇၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၂၀၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၃၀၀ | ၃၅၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

နေပြည်တော် ဧပြီ ၂၈

# ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်နေမှုနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ပြန်လည်လည်ပတ်၍ နိုင်ငံအတွင်းတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံနှင့်သံမဏိများ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားအမြန်ရရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများတွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်စဉ် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ရုံအတွင်းရှိ Gas Turbine ပြင်ဆင်နိုင်ရန် စက်ပစ္စည်းများရောက်ရှိမှု၊ လျှပ်စစ်ဓာတ်အားရရှိရေးခွဲရုံများ တိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဘတ်ဂျက်ပါလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်တွန်းအားပေးဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံးအရန်ပစ္စည်းများအား ကြိုတင်စုဆောင်းထားရန်နှင့် ဌာနပိုင်မြေများတွင် ကျူးကျော်ဝင်ရောက်မှုမရှိစေရေးဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၁၃၂ ကေဗွီ နမ့်စန်-တောင်ကြီး ဓာတ်အားလိုင်းစီမံကိန်း၏ တာဝါတိုင်အမှတ် (၂၄၉) နှင့် (၂၅၀) တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံ Switch Bay တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။

ဦးစွာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဓာတ်အားထုတ်လုပ်နေမှုကို တိုးတက်မထုတ်လုပ်နိုင်သေးမီကာလ မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့မြို့နယ်များအတွင်း ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးနှင့် တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိရှိထားသင့်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးမှာကြားကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၈

# ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ပဲသန့်စင်စက်နှင့် ဆိပ်ကမ်းများမှကုန်ပစ္စည်းများ သင်္ဘောတင်ဆောင်မှုကို ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့ စက်မှုဇုန်-၄ ရှိ ပြည်ဖြိုးအောင်ကုမ္ပဏီ၏ ပဲသန့်စင်စက်ရုံနှင့် နှမ်းလှော်စက်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက ပဲသန့်စင်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း၌ သိုလှောင်ဖြန့်ဖြူးပေးနေမှု၊ ပြည်ပသို့တင်ပို့နိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ရန်မှာကြားပြီး စက်ရုံအတွင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွှေပြည်သာတံတားအနီးရှိ မင်းထက်မင်းဆိပ်ကမ်း၊ ရွှေပြည်သာမြို့ရှိ ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတွင် ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့ရန် သင်္ဘောတင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပို့ကုန်လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် ဌာနဆိုင်ရာ One Stop Service (OSS) အဖွဲ့များက စနစ်တကျစစ်ဆေးဆောင်ရွက်ရန်၊ ကုန်ပစ္စည်းများကို အချိန်ကြန့်ကြာမှုမရှိစေဘဲ သင်္ဘောတင်နိုင်ရေးဆောင်ရွက်ရန်၊ ပို့ကုန်ပစ္စည်းအရည်အသွေးထိခိုက်ပျက်စီးမှုမဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်ပစ္စည်းအမျိုးအစားနှင့်အရေအတွက်မှန်ကန်စေရေးဆောင်ရွက်ရန်၊ ပို့ကုန်လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ တင်ပို့နိုင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ တည်ဆောက်ထားသော ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတို့ကို အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်တင်ပို့နိုင်သည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းအဖြစ် အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဧပြီလ ၂၄ ရက်မှစတင်ခွင့်ပြုခဲ့ပြီး အဆိုပါဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ Border Trade ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (One Stop Service -OSS) များက ဧပြီလ ၂၄ ရက်မှစ၍ တာဝန်ချထားစစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ မင်းထက်မင်းဆိပ်ကမ်းမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်က အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းအဖြစ် ခွင့်ပြုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

● ရွှေဖုံးမှအဆက်


လူရည်ချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများက လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကို ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြပြီး လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ၍ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက အမှတ်တရသစ်ပင် စိုက်ပျိုးကြသည်။


ဆက်လက်၍ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် မဟာမုနိဘုရား၊ မြစေတီဘုရား၊ ဗူးဘုရား၊ သဗ္ဗညုဘုရား၊ ထီးလိုမင်းလိုဘုရားနှင့် ရွှေစည်းခုံဘုရားတို့ကို ဖူးမြော်ကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တာဝန်ရှိသူများက ဘုရားသမိုင်းကြောင်းနှင့် နံရံဆေးရေးပန်းချီများ၊ ဗိသုကာလက်ရာများကိုရှင်းလင်းပြောကြားရာ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ညောင်ဦးခရိုင် (ပြန်/ဆက်)**



အကြမ်းဖက်သောင်းကျန်းသူများက ကော့ကရိတ်မြို့သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အခြေအနေပြမြေပုံ။




တပ်မတော်စစ်ကြောင်းများက ကော့ကရိတ်မြို့ဝန်းကျင်ရှိ အကြမ်းဖက်သောင်းကျန်းသူများအား ပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့သည့် အခြေအနေပြမြေပုံ။




**ကျောဖုံးမှအဆက်**

ကောင်းမှုကျေးရွာ၊ ရန်ကုတ်ကျေးရွာနှင့် ကြောင်လျှာကုန်းကျေးရွာတို့မှတစ်ဆင့် ကော့ကရိတ်မြို့တွင်း ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စုစုပေါင်း ထိတွေ့တိုက်ပွဲ ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အင်အားများထပ်မံဖြည့်တင်းကာ ကော့ကရိတ်မြို့ မြောက်ခြမ်းအား ဆက်လက်တိုက်ခိုက်ခြင်း၊ ကော့ကရိတ်မြို့အရှေ့ဘက်ရှိ ပတ်ဝန်းကျင်ကျေးရွာများမှတစ်ဆင့် မြို့အား အဝေးမှလက်နက်ကြီးများဖြင့် နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် မြို့စွန်ရှိ ရပ်ကွက်များအတွင်းသို့ စိမ့်ဝင်၍ ဒေသခံပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပစ္စည်းများအားလုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် တပ်မတော်မှ အင်အားထပ်မံဖြည့်တင်းကာ ဧပြီလ ၁၉ ရက်မှစ၍ ကော့ကရိတ်မြို့ဝန်းကျင်ရှိ အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter - Terrorism Operation) ကို လက်နက်ကြီးပစ်ကူများ

**စာမျက်နှာ ၁၂ သို့**

ကျုံဒိုး-ကော့ကရိတ်ဒေသတိုက်ပွဲဖြစ်စဉ်များတွင် သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများမှတ်တမ်းဓာတ်ပုံ။











အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကော့ကရိတ်မြို့၊ အမှတ်(၅)ရပ်ကွက် မီးလောင်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများ၏မီးရှို့ဖျက်ဆီးမှုကြောင့် ကော့ကရိတ်မြို့၊ အမှတ်(၅)ရပ်ကွက် မီးလောင်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၁၁ မှအဆက်

ရယူပြီး စနစ်တကျ အဆင့်ဆင့်ခြေကုပ်ယူ၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် စုစုပေါင်းထိတွေ့တိုက်ပွဲ ၉ ကြိမ်ဖြစ်ပွားခဲ့၍ ဧပြီလ ၂၂ ရက်တွင် တပ်မတော်မှ အဆိုပါဒေသအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ကော့ကရိတ်မြို့၏မြောက်ဘက်ရှိ ကောင်းမူကျေးရွာဘက်သို့ လာရာလမ်းကြောင်းအတိုင်း ဖရိုဖရဲပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အဆိုပါတိုက်ပွဲများတွင် အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး မိမိဘက်မှ အရာရှိ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက် သောင်းကျန်းသူများအား ထက်ကြပ်လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိပြီး ကော့ကရိတ်မြို့အတွင်း ပျက်စီးခဲ့သည့်အပျက်အစီးများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အကြမ်းဖက် သောင်းကျန်းသူများ၏ နှောင့်ယှက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်ပြီး ယာယီနေရပ်စွန့်ခွာခဲ့ကြသည့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရာ ဧပြီလ ၂၇ ရက်နေ့အထိ ကော့ကရိတ်မြို့တွင်းသို့ အိမ်ထောင်စု ၂၈၈ စု၊ အမျိုးသား ၃၆၂ ဦး၊ အမျိုးသမီး ၂၃၅ ဦး၊ စုစုပေါင်း ၅၉၇ ဦး ပြန်လည်ဝင်ရောက် နေထိုင်လာကြကြောင်း သိရှိရပြီး ဆက်လက်၍လည်း ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၂၈

# မြိတ်နှင့်ဝေါမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကုန်းဖောက်ကျေးရွာအနီးတွင် အောင်ပြည့်စုံ(ခ)လက်ပွား မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

ဧပြီလ ၂၅ ရက် နံနက် ၉ နာရီတွင် ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအုပ်စု၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် နောင်ဝင်းထွန်း(ခ)နောင်နောင် မောင်းနှင်ပြီး အောင်ချမ်းသာနှင့်ဝေဖြိုးကျော်တို့ လိုက်ပါလာသည့် MAN တွဲယာဉ်ကို သတင်းအရရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၁၀၀ ကီလိုနှင့် ကက်တမင်း ၁၃ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။




နောင်ဝင်းထွန်း(ခ) နောင်နောင်၊ ဝေဖြိုးကျော်နှင့် အောင်ချမ်းသာတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

(ရဲပြန်ကြား)

## ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၂၉-၄-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၁၀:၄၆ | Master Chef |
| ၃။ | ၁၃:၃၀ | Live For You |
| ၄။ | ၁၅:၀၀ | Fighting Music |
| ၅။ | ၁၇:၀၀ | သွေးချင်းတို့ဌာနေ |
| ၆။ | ၁၉:၃၀ | International Song |
| ၇။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |
| ၈။ | ၂၂:၂၀ | Good Night Listeners |

နေပြည်တော် ဧပြီ ၂၈

## မိုးထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# မွေးမြူရေးတိရစ္ဆာန်များအတွက် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနည်းလမ်းကောင်းများ



**ကမ္ဘာ့အပူဆုံးမြို့**

ယခုနှစ် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့အနက် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ချောက်မြို့သည် ထိပ်ဆုံး၌ရောက်ရှိနေပြီး မကွေး၊ မင်းဘူးနှင့်ညောင်ဦးမြို့တို့မှာလည်း အပူဆုံးမြို့များစာရင်းတွင်ပါဝင်ကြောင်း Eldorado Weather က ထုတ်ပြန်ထားသည်။

Eldorado Weather ဆိုသည်မှာ ကမ္ဘာ့မြို့ကြီးများ၏နေ့အလိုက်အပူချိန်များကို ဖော်ပြပေးလျက်ရှိသည့်ဝက်ဆိုက်တစ်ခုဖြစ်သည်။ အဆိုပါဝက်ဆိုက်၏ ဧပြီလ ၂၈ ရက်ဖော်ပြချက်အရ မြန်မာနိုင်ငံမှ ချောက်မြို့သည် အပူချိန် ၄၇ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ဖြင့် ကမ္ဘာ့အပူဆုံးမြို့အဖြစ် ပထမနေရာ၌ရပ်တည်နေကြောင်း၊ မင်းဘူးမြို့သည် ၄၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ မကွေးမြို့သည် အပူချိန် ၄၅ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ဖြင့် ဆဋ္ဌမနေရာတွင်လည်းကောင်း၊ ညောင်ဦးမြို့သည် ၄၅ ဒီဂရီစင်တီဂရိတ်ဖြင့် အဋ္ဌမနေရာတွင်လည်းကောင်း အသီးသီးအပူချိန်မြင့်တက်လျက်ရှိကြောင်း သိရသည်။

**မိုး/ဇလထုတ်ပြန်ချက်**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (မိုး/ဇလ)၏ ဧပြီလ ၂၈ ရက်ထုတ်ပြန်ချက်အရ ထူးခြားသည့်နေ့အပူချိန်များအဖြစ်-

- ချောက်မြို့တွင် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်၊
- မင်းဘူးမြို့တွင် ၄၅ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်၊ မကွေးမြို့နှင့်အောင်လံမြို့တို့တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ မြင်းမူမြို့နှင့်ညောင်ဦးမြို့တို့တွင် ၄၅ ဒသမ သုည ဒီဂရီဆဲလ်စီးယပ်၊ တောင်တွင်းကြီးမြို့တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်၊ တံတားဦးမြို့တွင် ၄၄ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ မြင်းခြံမြို့တွင် ၄၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်၊ ဆင်ဖြူကျွန်းမြို့တွင် ၄၃ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်အသီးသီးရှိကြောင်း သိရသည်။

**မွေးမြူရေးတိရစ္ဆာန်များအတွက် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနည်းလမ်းကောင်းများ**

နေ့အပူချိန်မြင့်တက်လာခြင်းနှင့်အတူ ခရမ်းလွန်ရောင်ခြည်(Ultraviolet)လည်း ပါလာလေ့ရှိရာ ယင်းက သက်ရှိသတ္တဝါအားလုံးအတွက် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်ကို မလွဲမသွေ ဖြစ်ပေါ်ခံစားရနိုင်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက လူသားတို့အတွက် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို နေ့စဉ်မပြတ် သတိပေးလျက်ရှိသကဲ့သို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်အောက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနကလည်း ပျားမွေးမြူရေးလုပ်ငန်းများ၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ငါးမွေးမြူရေးကန်များအတွက် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနည်းလမ်းကောင်းများစွာတို့ကို အောက်ပါအတိုင်း အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားသည်။

**ပျားအုံများအတွက် အတောင်လိပ်ရောဂါကျရောက်မှုကာကွယ်ရေး**

အပူချိန်လွန်ကဲမှုကြောင့် မေလမှဇူလိုင်လအတွင်း မွေးမြူရေး(ဥရောပ)ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါကျရောက်မှုကြောင့် သက်ငယ်ပျားများ (Nurse Bees) ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်သည်။

သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါကျရောက်မှုမှ ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(က) မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကိုအရိပ်ကောင်းမွန်သည့်နေရာများတွင် ချထားမွေးမြူရန်၊

(ခ) ကပ်ပါးမွှားရောဂါကင်းစင်ရေးဆောင်ရွက်ရန်၊

(ဂ) ပျားသောက်ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ရန်၊

(ဃ) ပျားအုံများ လေဝင်လေထွက်ကောင်းမွန်အောင်ဆောင်ရွက်ရန်၊

(င) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်၊

(စ) သကြားနှင့်ရေကိုသတ်မှတ်ထားသည့် အချိုးအစားဖြင့်ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်၊

(ဆ) ပျားသလက်ပေါင်အသစ်များဖြင့် မွေးမြူနိုင်ရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကျရောက်ဖြစ်ပွားနေကြောင်း သိရှိပါက နီးစပ်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်စသည်တို့ကို အသိပေးနှိုးဆော်ထားသည်။

**မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး**

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

(က) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(ခ) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး၊ ကြိုတင်စုဆောင်းရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(ဂ) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(ဃ) တိရစ္ဆာန်များရွှေ့ပြောင်းရန် လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(င) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျကြိုတင်စုဆောင်းထားရန်၊

(စ) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(ဆ) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(ဇ) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်စသည်တို့ကို အသိပေးနှိုးဆော်ထားသည်။

**ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး**

(က) နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်၊

(ခ) နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူရေးကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်ရေး ဆောင်ရွက်ပေးပါရန်၊

(ဂ) ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်၊

(ဃ) ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်၊

(င) အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်၊

(စ) ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေရှိရပါမည်)

(ဆ) ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်၊

(ဇ) အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပေးပါရန်၊

(ဈ) မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားပါရန်၊

(ည) ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်၊

(ဋ) ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန် စသည်တို့ကို အသိပေးနှိုးဆော်ထားသည်။

ထို့ကြောင့် မွေးမြူရေးသမားများအနေဖြင့် အထက်ဖော်ပြပါအသိပေးနှိုးဆော်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် မွေးမြူရေးသမားအချင်းချင်းကိုလည်း ထပ်ဆင့်မျှဝေအသိပေးကြဖို့လိုသည်။

ထို့ပြင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များလည်း ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေသူများသာမက ပြည်သူတို့အားလုံး နွေကာလဖြစ်သည့် ဧပြီလနှင့်မေလတို့အတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြဖို့လိုပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်ကြသော (က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ (ခ)မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (မိုး/ဇလ)နှင့် (ဂ) ကျန်းမာရေးဝန်ကြီးဌာနတို့၏ အခါအားလျော်စွာ သတင်းထုတ်ပြန်ချက်များကို သတိထားကာ စဉ်ဆက်မပြတ် စောင့်ကြည့်ကြဖို့လိုပါကြောင်း သတိပေးနှိုးဆော်လိုက်ရပါသည်။ ။

**တင်ထက်ထက်ဇော်**

နေပြည်တော် ဧပြီ ၂၈

# ပုဂံ၊ ညောင်ဦး ကျောင်းများ၊ မိတ္ထီလာတက္ကသိုလ်နှင့်ပညာရေးဒီဂရီကောလိပ်တို့ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူသူ တို့နှင့်အတူ ညောင်ဦးအထက်တန်းကျောင်းနှင့် မြို့မအထက်တန်းကျောင်းတို့ကို ရောက်ရှိစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ကျောင်းသန့်ရှင်းသာယာရေး၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ရန်၊ သောက်ရေသုံးရေ လုံလောက်ရေးကိုဦးစားပေးရန်၊ မေလ ၂၃ ရက်တွင်စတင်မည့် ကျောင်းအပ်နှံရေး သီတင်းပတ်မတိုင်မီ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုရေး အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းပေါင်းစပ်၍ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းအပ်နှံရေးအတွက် နည်းလမ်း (၄) သွယ်ဖြင့် စည်းရုံးဆောင်ရွက်ရန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး ကျောင်းပရိဝုဏ်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ ဇွန်လ ၃ ရက် တက္ကသိုလ်များ ပြန်လည်မဖွင့်လှစ်မီ စာသင်ဆောင်၊ စာသင်ခန်း၊ အိပ်ဆောင်များအဆင်သင့်ဖြစ်နေစေရေး၊ စာသင်ဆောင်များနှင့် ထိနေသောသစ်ကိုင်းများကို ရှင်းလင်း၍ အလင်းဖွင့်ရေးမှာကြားသည်။

ထို့နောက် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသော ပြေးခုန်ပစ်အားကစားပစ္စည်းအမျိုးမျိုးကို အကျိုးရှိထိရောက်စွာအသုံးပြု၍ ကျောင်းသား၊ ကျောင်းသူများကို အားကစားလေ့ကျင့်ပျိုးထောင်ပေးကာ ဒီဇင်ဘာ အားကစားပွဲတော်အတွက် ပြင်ဆင်ပေးရန်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အားကစားနည်းပြဆရာ ရက်တိုသင်တန်းတက်ရောက်ရန် မှာကြားကာ မိတ္ထီလာပညာရေးဒီဂရီကောလိပ်အတွင်း တည်ဆောက်လျက်ရှိသော စီမံခန့်ခွဲရေးနှင့် စာသင်ဆောင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၄-၂၀၂၄)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄. ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁. ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS)မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**ရှေ့ဖုံးမှအဆက်**

အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။

(မိုး/ဇလ)

### ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၃၅ | ၂၅၁၀ | ၂၅၃၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၃၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၃၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၈၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် ဧပြီ ၂၈

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၌ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ ဧကာဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်းလူရည်ချွန်စခန်း(ချောင်းသာ) ဖွင့်ပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း တို့က ၂၀၂၄ ခုနှစ် ဒွါဒသမတန်း လူရည်ချွန်စခန်း (ချောင်းသာ)အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။




အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ၂၀၂၄ ခုနှစ်၊ ဧကာဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)၌ လူရည်ချွန်မောင်မယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

၂၀၂၄ ခုနှစ်၊ ဧကာဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ ယမုံနာဦး ဟိုတယ်၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက် တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပညာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ လူရည်ချွန်မောင်မယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး နှင့်တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်၊ ဧကာဒသမတန်းလူရည်ချွန်စခန်း (ငွေဆောင်) မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား သည်။ ယင်းနောက် လူရည်ချွန်စခန်း (ငွေဆောင်)စခန်းမှူး၊ တိုင်းဒေသကြီး ပညာ ရေးမှူးက လူရည်ချွန်စခန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လူရည်ချွန် မောင်မယ်များကို ရင်ထိုးတံဆိပ်များအား တစ်ဦးချင်း ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ/ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး လူရည်ချွန်စခန်း(ငွေဆောင်) စခန်းမှူးနှင့် လူရည်ချွန်ကြီးများက တိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများထံသို့ အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရှောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား/ကျောင်းသူများက ကရင် ဒုံးယိမ်းအကဖြင့် ဖျော်ဖြေကြကာ လူရည်ချွန် မောင်မယ်များက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။ ယင်းနောက် တိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် လူရည်ချွန်မောင်မယ်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကာ လူရည်ချွန် မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက် ခဲ့သည်။

အလားတူ ပုသိမ်မြို့နယ်၊ ချောင်းသာ မြို့ရှိ ဒွါဒသမတန်း လူရည်ချွန် အပန်းဖြေ စခန်းဖွင့်ပွဲကို အဇူရာဟိုတယ်၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန် ရှိသူများ တက်ရောက်ကြပြီး ၂၀၂၄ ခုနှစ်၊ ဒွါဒသမတန်းလူရည်ချွန်စခန်း (ချောင်းသာ) စခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား သည်။ ထို့နောက် လူရည်ချွန်စခန်း (ချောင်းသာ)စခန်းမှူးက လူရည်ချွန်စခန်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက လူရည်ချွန် မောင်မယ်များကို ရင်ထိုးတံဆိပ်များအား တစ်ဦးချင်း ဂုဏ်ပြုချီးမြှင့်အပ်နှင်းခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန် မောင်မယ်များနှင့် ကြီးကြပ်ဆရာ/ဆရာမများ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

ထို့နောက် လူရည်ချွန်စခန်း(ချောင်းသာ) စခန်းမှူးနှင့် လူရည်ချွန်ကြီးများက တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများထံသို့ အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကာ ပုသိမ်မြို့၊ အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "မမပုသိမ်သူ"သီချင်း ဖြင့် ဖျော်ဖြေခဲ့ပြီး လူရည်ချွန်မောင်မယ် များက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြ သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တိုင်းမှူးတို့သည် လူရည်ချွန် မောင်မယ် များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကာ လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး နေ့လယ်စာ အတူ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိ သည်။ (၁၀၀)

နေပြည်တော် ဧပြီ ၂၈

# အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community-AEC) ၂၀၂၅ ၏ လုပ်ငန်းကော်မတီတွင်ပါဝင်သည့်စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာလုပ်ငန်းကော်မတီ၏ ၁/၂၀၂၄ ညှိနှိုင်းအစည်းအဝေးကျင်းပ



အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ၂၀၂၅ ၏ လုပ်ငန်းကော်မတီများတွင် ပါဝင်သည့် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ၏ ၁/၂၀၂၄ ညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၆ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ ၌ ကျင်းပသည်။

အခမ်းအနားသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ စိုက် ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တို့မှလုပ်ငန်းကော်မတီဝင်များ တက်ရောက် ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံစားရေ ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် မျှော်မှန်းချက်၊ မဟာဗျူဟာအစီအစဉ်(၂၀၂၁-၂၀၂၆) နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(၂၀၂၅) တွင်ပါရှိသောလုပ်ငန်းစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အနေဖြင့် အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် တန်းတူပါဝင်ဆောင်ရွက်လျက် ရှိသည့်အတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် အတွင်း ကြုံတွေ့ရသည့်အခက်အခဲ၊ စိန်ခေါ် မှု၊ ရရှိခဲ့သည့်အကျိုးကျေးဇူးများကို ပြန်လည် သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို သတ်မှတ် နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံက အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၀၄ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် အိမ်ရှင်နိုင်ငံ အဖြစ်လက်ခံကျင်းပခဲ့ပြီး အစည်းအဝေး များ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက် ခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ် အောက် တိုဘာလတွင် တတိယအကြိမ်အလှည့်ကျ ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်၍ အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံး အတွက် လက်တွေ့ဖော်ဆောင်နိုင်ပြီး မှတ် ကျောက်တွင်ကျန်ရစ်စေမည့် လုပ်ငန်းအစီ အစဉ်များ၊ စီမံကိန်းများရေးဆွဲတင်ပြနိုင် ရေးကြိုးပမ်းကြရန် တိုက်တွန်းပြောကြား သည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးက အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၏ ပါဝင်ဆောင်ရွက်ရသော အခန်းကဏ္ဍ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေး နှင့် သစ်တောကဏ္ဍ၏ မျှော်မှန်းချက်၊ ပန်းတိုင်နှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဆောင်ရွက်ချက်များ၊ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင် ရွက်ရမည့် (၄၆)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက် လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင် များနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်းလုပ်ငန်း အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၊ ကြုံတွေ့ရသည့်အခက်အခဲ နှင့် စိန်ခေါ်မှုများ၊ ရှေ့ဆက်လက်ဆောင် ရွက်သင့်သောလုပ်ငန်းများကို တင်ပြ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ပြန်လည် သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေး မှာကြားကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်သုံးသပ်ချက်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်သုံးသပ်ချက်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အားသာချက်များကို ဆက်လက်ထိန်းသိမ်းပြီး လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အားနည်းချက်များကို ပြန်လည်လေ့လာသုံးသပ်၍ ပိုမိုကောင်းမွန်သည့် လုပ်ငန်းနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ရည်မှန်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ရငွေများကို တိုးမြှင့်ရှာဖွေပေးနေသကဲ့သို့ အစိုးရဌာနများ၏ အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်၍ သုံးစွဲနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးနေရသည့် ဝန်ကြီးဌာနဖြစ်၍ သေချာစွာ စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်မှသာ လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်မှုများမှာ ထိရောက်မှုရှိပြီး နိုင်ငံအတွက် အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဌာနများအနေဖြင့် သတ်မှတ်ထားသည့် ရည်မှန်းချက်များပြည့်မီအောင်ဆောင်ရွက်နိုင်ရေးအတွက် ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝနေစေရန် အစဉ်အမြဲအားထုတ်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်၍ နိုင်ငံတော်နှင့်ပြည်သူကို အလုပ်အကျွေးပြုနိုင်သော ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ်ခံယူပြီး ကောင်းမြတ်သောစိတ်ထားဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း မှာကြားသည်။

ဆက်လက်၍ ဌာနအကြီးအကဲများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရငွေ/သုံးငွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ခဲ့မှုများအပေါ် အားသာချက်နှင့်အားနည်းချက်များ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ရငွေ/သုံးငွေဆိုင်ရာကိစ္စရပ်များနှင့် တင်ဒါအချိန်မီခေါ်ယူရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သီလဝါဆိပ်ကမ်းဥပစာလမ်း လေးလမ်းသွားလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်

**ရန်ကုန် မေ ၂၈**

သီလဝါဆိပ်ကမ်းဥပစာလမ်း လေးလမ်းသွား လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းဧရိယာ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

လမ်းသစ်ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအမှူးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှဝန်ထမ်းများနှင့် သီလဝါဆိပ်ခံတံတားများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ နိုင်ငံတကာ ကုန်သွယ်မှုအတွက် ဝင်/ထွက်ပေါက်ဖြစ်သည့် သီလဝါဆိပ်ကမ်းဧရိယာအတွင်း ပင်လယ်ရေကြောင်းဖြင့် တင်သွင်း၊ တင်ပို့ကြမည့်ကုန်စည်များ၊ ကုန်သေတ္တာများကို လွယ်ကူလျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးတို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ သီလဝါဆိပ်ကမ်းတံတား လုပ်ငန်းရှင်များ၏ အချိုးကျ ငွေကြေးထည့်ဝင်မှုနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်တာဝန်ခံစီမံခန့်ခွဲမှုတို့ဖြင့် သီလဝါဆိပ်ကမ်းဥပစာလမ်း လေးလမ်းသွားလမ်းသစ်ကြီးကို သတ်မှတ်ကာလအချိန်တိုအတွင်း အောင်မြင်စွာတိုးချဲ့ ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။



မြန်မာနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းဖြင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် အဓိကထား ကုန်သွယ်လျက်ရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းကစ၍ နိုင်ငံတကာကုန်သွယ်မှုပမာဏ တိုးတက်များပြားလာသည်နှင့်အမျှ သီလဝါဆိပ်ကမ်းဧရိယာတွင် ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်ထုတ်ယူခြင်းလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဆိပ်ကမ်းဧရိယာများသို့ ဆက်သွယ်ထားသည့် ရထားလမ်း၊ ကားလမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းတို့ကိုဆောင်ရွက်ရန်လိုအပ်လာကြောင်း၊ ထို့ပြင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံပိုင်ဆိုင်မှုပမာဏများပြားလာပြီး သီလဝါဧရိယာရှိ စက်သုံးဆီဆိပ်ကမ်းတံတားများကို ပုဂ္ဂလိကသို့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုထားသည့်အတွက် စက်သုံးဆီတင်ကားကြီးများဖြင့် ခေါက်ရေပိုမိုသုံးစွဲလာမှုကြောင့် ယခင်နှစ်လမ်းသွားလမ်းမှာ မကြာခဏပိတ်ဆို့မှုများဖြစ်လာသည့်အတွက် ယခုကဲ့သို့ သီလဝါဆိပ်ကမ်း ဥပစာလမ်းကို လမ်းလယ်ကျွန်းအပါ လေးလမ်းသွားလမ်းသစ်အဖြစ် အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ပေးရခြင်းဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ မြို့တော်ဝန်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ သီလဝါဥပစာလမ်း လေးလမ်းသွားလမ်းသစ်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Wilmar ဆိပ်ကမ်းတံတားသို့ရောက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် လေးလမ်းသွားလမ်းသစ်သည် ၅ မိုင် ၂ ဖာလုံရှည်လျားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းလုပ်ငန်းရှင်များ၏ ထည့်ဝင်ငွေစုစုပေါင်း ငွေကျပ် ၂၈ ဒသမ ၃၅၀ ဘီလီယံခန့် ကုန်ကျခဲ့ပြီး လေးလမ်းသွားမြေသားတာပေါင်ခဲ့ခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေဖြင့် ကြိုတင်ဖောက်လုပ်ပေးခဲ့သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် အချိန်တိုအတွင်း အဆင့်မြှင့်တင်တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် သီလဝါဆိပ်ကမ်းဧရိယာအတွင်း ယခင်ကကဲ့သို့ ကုန်တင်ယာဉ်၊ စက်သုံးဆီတင်ယာဉ်များဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ မရှိနိုင်တော့ဘဲ ကုန်စည်စီးဆင်းမှုများလည်း ယခင်ထက် အချိန်ကုန်သက်သာပြီး ဘေးအန္တရာယ်ကင်းစွာ လွယ်ကူမြန်ဆန်ချောမွေ့စွာသယ်ယူပို့ဆောင်ပေးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ





**နေပြည်တော် ဧပြီ ၂၈**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄)၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ဧပြီလ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပသည့် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဧပြီလ ၂၆ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ပြီး ဧပြီလ ၂၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဧပြီလ ၂၄ ရက် နံနက် ၈ နာရီတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolay Patrushev နှင့် ကမ္ဘောဒီးယားနိုင်ငံကိုယ်စားလှယ်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ကျင်းပသည့် စတုတ္ထအကြိမ် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မြန်မာ-ရုရှားပူးတွဲဥက္ကဋ္ဌတာဝန်ယူ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံမှ မြန်မာနိုင်ငံအား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေမှု၊ အာဆီယံ-ရုရှားပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံ-ရုရှား ဆက်ဆံရေးဆိုင်ရာ Coordinator အဖြစ် မြန်မာနိုင်ငံမှ ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်လုံခြုံရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ပြီး လက်ရှိဆောင်ရွက်နေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့သည်။

ထို့နောက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က အကြိုနှုတ်ခွန်းဆက်စကားကို ဗီဒီယိုမက်ဆေ့ဖြင့်ပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး H. E. Mr. Nikolay Patrushev နှင့် တာဝန်ရှိသူတို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာသည့်နိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များသည် ထွန်းသစ်စနိုင်ငံကြီးများအပါအဝင် ဗဟုမဏ္ဍိုင်ပြုကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များ၏ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့်ပတ်သက်၍ သတင်းလုံခြုံရေးဆိုင်ရာ အာမခံချက်ရရှိရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် (၁၉၄၁-၁၉၄၄) ခုနှစ်များအတွင်း လီနင်ဂရက်မြို့ကို ဝန်းရံပိတ်ဆို့တိုက်ခိုက်မှုကြောင့် သေဆုံးသွားသူများအထိမ်းအမှတ်နေရာတွင် ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolay Patrushev နှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဝမ်းနည်းခြင်းအထိမ်းအမှတ် လွမ်းသူ့ပန်းခွေချခြင်းအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolay Patrushev က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံပေါင်း ၁၀၆ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုတို့မှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဆုမွန်တောင်းစကားပြောကြားခဲ့သည်။

ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ မျက်နှာစုံညီအစည်းအဝေး ဒုတိယနေ့အစီအစဉ်ဖြစ်သည့် နိုင်ငံတကာ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းရာတွင် အမျိုးသားရေးကြန်အင်လက္ခဏာနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ရေးခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့ရာ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်သောစားပွဲဝိုင်းဆွေးနွေးပွဲ၌ သဘာဝနှင့်လူတို့ကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခများအကြားပြည်သူများအပေါ် အကာအကွယ်ပေးနိုင်ရေးဆိုင်ရာ အဓိကပြဿနာများနှင့် စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်မျိုးသန့်က တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေစဉ် ခရီးစဉ်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolay Patrushev နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုအစည်းအဝေး (Bilateral Meeting) ပြုလုပ်ခဲ့ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား နယ်ပယ်ပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို၏အဖွဲ့ဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ၏ဥက္ကဋ္ဌဖြစ်သည့် H.E. Mr. Chen Wenging နှင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval နှင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Tarique Ahmed Siddque နှင့်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်သူ့လုံခြုံရေးဒုတိယဝန်ကြီး Mr. Somvanh Saylongpha နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ... ဘင်းမ်စတက်ဒေသဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် အပြန်အလှန်မျှဝေရေးကိစ္စရပ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဖရိကနိုင်ငံများဖြစ်သည့် အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ လုံခြုံရေးဆိုင်ရာအကြီးအကဲ Mr. Abdulaziz Ahmed Adem နှင့် မိုဇမ်ဘစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီး Mr. Pascoal RONDA တို့နှင့်လည်း တွေ့ဆုံခဲ့ကာ နိုင်ငံအချင်းချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော မြန်မာကိုယ်စားလှယ်များသည် ဆက်စပ်ဆွေးနွေးပွဲများအားတက်ရောက်နေစဉ် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Expoforum အတွင်း စစ်ဘက်နည်းပညာကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် စစ်ဘက်နည်းပညာဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဧပြီလ ၂၆ ရက်နံနက်ပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich နှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခဲ့ကြသည်။ ဆက်လက်ပြီး စိန့်ပီတာစဘတ်မြို့တွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW April 28

# Tatmadaw columns crushed KKO (breakaway) Kyaw Thet group and PDF terrorists, who are committing terrorist acts in the surrounding areas of Kawkareik, restoring peace and stability in the town



Photo captures the moment local residents return to Kawkareik.

KKO (breakaway) Kyaw Thet group and PDF terrorists with the intention of disturbing and attacking Kyawkareik town and local unit headquarters tried to enter the town through Kaunghmu, Yankok and Kyaungshargon villages in the north of the town along the old Kyakareik-Thingannyinaung road in the early April with a much larger force. Hence there were 13 clashes with local security forces.

Terrorist insurgents made reinforcements and continued to attack the northern sector of Kawkareik, fired heavy weapon rounds at the town from villages in the east, and infiltrated the wards in the town's edge and committed terrorist acts including torching local people's homes and looting.

The Tatmadaw columns also made reinforcements and launched heavy-

See Page - 21►►





Photos depict the devastation wrought by terrorist arson attacks in Ward 5 of Kawkareik.





Photos depict the devastation wrought by terrorist arson attacks in Ward 5 of Kawkareik.

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

BUSINESS

# Demand for bell peppers low in the market

With the demand for bell peppers low in the market, the price is falling sharply in the source market, according to vegetable brokers' sales centres.

Despite increasing supply, demand in the market has been low.

"A viss of bell pepper has sharply dropped from Ks-6,800-Ks-7,000 to Ks-2,700-Ks-2,500. It is Aungban's market style. The reasons are rising supply and less buying," said an official from the Aungban wholesale centre.

The rise and fall of commodity prices usually happen before and after Thingyan, and while some crops are predictable, others are difficult to forecast under the current circumstances.

"It is normal for the price of some crops to go up and down during and after Thingyan," he said.

Primarily grown as a vegetable mixed with another in multiple cropping and locally called paprika or sweet pepper, it usually sells for a good price. Although bell pepper is a healthy produce to eat, its low heat and high water content make it susceptible to spoilage, so more precautions need to be taken with logistics and harvesting only when the heat of the sun is reduced.

**SK**

AGRICULTURE

# Kawlin District harvests 13,081 acres of winter sunflowers

Locals in Kawlin District, Sagaing Region, have completed harvesting of 13,081 acres of sunflowers planted during the winter crop season, according to the Department of Agriculture for Kawlin District.

Now, during the 2023-2024 winter crop planting season, the sunflower fields planted in Kawlin District have been harvested since February of this year. So far, 13,081 acres have been harvested and 31.89 baskets per acre have been produced.

"Sunflower is mainly planted in the winter. In order to reduce palm oil imported from abroad, we will expand the cultivation of sunflower, which is an oil crop. Sunflower produces more oil per acre than peanuts and sesame," said U Win Thein, head of the Department of Agriculture for Kawlin District.

The completion of sunflowers harvesting by townships in Kawlin District is as per following: 11,224 acres in Kawlin Township, 1,008 acres in Wuntho Township, and 849 acres in Pinlebu Township.

In 2023-2024 winter crop planting season, 13,081 acres of winter sunflowers were earmarked for cultivation in Kawlin District.

**SK**

AGRICULTURE

# Farmers finish harvesting of more than 11,000 acres of niger in Lashio Township

A total of 11,606 acres of niger has been harvested in Lashio Township of Shan State (North), according to Shan State (North) Agriculture Department.

Harvesting of niger started in the first week of February this year, and so far, local farmers have so far harvested 11,605 acres of niger against 11,756 acres in the township.

"In Lashio Township, local farmers cultivated groundnut, sunflower and canola including niger in winter. The Agriculture Department reclaimed model plots for niger to boost per-acre yield. Moreover, the department conducts training courses on agricultural techniques and prevention of seasonal pests," said Daw Nwe Nwe, staff officer of Shan State (North) Agriculture Department.

After harvesting, niger yields 10 baskets per acre in 11,605 acres of croplands, according to the statistics of the Agriculture Department.

**SMK**

RUSSIA

# Russia creates 1st space surveillance system over Arctic - Roscosmos



Russia creates 1st space surveillance system over Arctic.

Russia has become the first country in the world to create a space system for monitoring the Arctic region after a state commission had accepted the Arktika-M satellite No. 2 into operation, Russian state space corporation Roscosmos said.

In a groundbreaking technological achievement, Russia has announced the development of a space-based hydrometeorological system that allows for continuous observation of the Arctic region, according to a statement.

"Today, April 27, 2024, the state commission for flight testing of space complexes for socio-economic, scientific and commercial purposes reviewed the results of flight testing of the highly elliptical hydrometeorological space system Arktika-M with the spacecraft Arktika-M No. 2. Based on the results of the review, the state commission decided to complete the tests with the commissioning of the Arktika-M spacecraft No. 2," Roscosmos said in a statement on Saturday.

It comes after successful tests were carried out on the Arktika-M No. 2 spacecraft, which, alongside Arktika-M No. 1, will provide round-the-clock monitoring of the Earth's surface and cloud cover in the Arctic region and adjacent territories, as well as continuous and reliable exchange of meteorological information.

In addition, their equipment is used to determine the location of ships, aircraft, and other mobile objects in distress as part of the international satellite search and rescue system "COSPAS-SARSAT."

The first satellite Arktika-M was launched into orbit in February 2021 and the second in December 2023.

**Sputnik**

CHINA

# China awards young female scientists

An award dedicated to young female scientists was presented to 20 individuals and five teams in Beijing on Sunday.

Shen Yiqin, Chinese State Councilor and president of the All-China Women's Federation, attended the award ceremony.

Shen encouraged female scientists to remain dedicated to science and scale new heights in scientific research.

She also called on the talented young minds to play an important role in China's efforts to achieve greater self-reliance and strength in science and technology, develop new quality productive forces and promote high-quality development.

Established in 2004, the award has been given to 204 outstanding women in the science field.

**Xinhua**

CHINA

# Strong tornado kills 5, injures 33 in China's Guangzhou

Five people were killed and 33 others injured by a strong tornado that hit Guangzhou, the capital city of south China's Guangdong Province, Saturday afternoon, local authorities said.

The tornado hit Zhongluotan Town in the city's Baiyun District at approximately 3 p.m., while the weather station in Liangtian Village, roughly 2.8 kilometers from the tornado's point of occurrence, registered a maximum wind gust of 20.6 meters per second.

Rescuers from the city's emergency management, weather, fire, waterworks and health departments as well as local residents have been sent to the site immediately.

As of 10 p.m., the on-site search and rescue work has been basically completed.

**Xinhua**



An aerial drone photo taken on April 28, 2024 shows damaged buildings after a tornado in Guangming Village of Zhongluotan Town of Baiyun District, Guangzhou, south China's Guangdong Province.

INDONESIA

# Indonesia's Ibu volcano erupts, ash up to 3.5 km

The Ibu volcano on Halmahera Island in the eastern Indonesian province of North Maluku erupted early Sunday, according to the country's Center for Volcanology and Geological Hazard Mitigation (PVMBG).

PVMBG reported that the volcano erupted at around 00:37 a.m. local time for about 206 seconds, throwing ash up to 3,500 meters above its peak.

Standing as high as 1,325 meters above sea level, Ibu volcano is classified as in the second danger level, below the highest level of IV.

PVMBG called on the public not to have activities within a radius of 3.5 kilometers from the crater.

Located on the Pacific Ring of Fire, Indonesia is one of the countries with the most volcanoes in the world.

**Xinhua**

NIGERIA

# 19 children killed in suspected measles outbreak in northeastern Nigeria

At least 19 children have been killed so far by a suspected measles outbreak in Nigeria's northeastern state of Adamawa, local authorities said Saturday.


More than 200 children were suspected to have been affected by the measles outbreak in Mubi North local government area, Felix Tangwami, the commissioner for health in Adamawa, told reporters Saturday.

Official reports indicated that the 19 fatalities were caused by complications from the measles outbreak, Tangwami said, noting the development led to a quick mobilization of medics and drugs to the affected communities.


Children with severe infections would be referred to specialist hospitals, he said, while blaming parents for refusing to immunize their children.

Measles is a viral infection common among children under five but easily preventable through vaccines. It spreads through the air by respiratory droplets produced from coughing or sneezing.

**Xinhua**



The map illustrates Kawkareik, the site of terrorist attacks.



The map illustrates the areas in Kawkareik where Tatmadaw columns launched counterattacks against the terrorists.













Photos display weapons, ammunition, and associated gear confiscated during the Kyonedo-Kawkareik clashes.

**◄◄From Page - 18**

weapon supported Counter-terrorism Operations in the surrounding areas of Kawkareik beginning 19 April and gained ground stage by stage. There were nine clashes with terrorists, and the Tatmadaw could control the area on 22 April. Dueing the battles, Tatmadaw seized some bodies, and arms, ammunition and accessories of terrorist insurgents. Some Tatmadaw officers and other ranks were wounded. Terrorist insurgents fled in disarray to the north of the town along the direction they used to attack the town towards Kaunghmu Village.

Tatmadaw columns are in hot pursuit of the fleeing terrorist insurgents, clearing debris, carrying out town rehabilitation and clearing mines for public safety. Moreover, they were assuring the people who left their homes with apprehension to return to their homes. Up to 27 April, 362 men and 235 women, totaling 597 of 288 households returned to their homes. More are returning to their homes.

**100**

---


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဖိလစ်ပိုင်ရှိ အမေရိကန်တို့ရဲ့ဒုံးကျည်စနစ်ကို စက္ကန့် ၃၀၀ အတွင်းဖျက်ဆီးမယ့်တရုတ်

ထက်မြတ်

သတင်းဌာနအများအပြားရဲ့ ထုတ်ပြန်ချက်တွေအရ အမေရိကန်က ဖိလစ်ပိုင်နိုင်ငံမှာ တာလတ်ပစ်ဒုံးကျည်စနစ်ကို ဖြန့်ကြက်ထားလိုက်တယ်လို့သိရပါတယ်။

ဒီလိုဖြန့်ကြက်ရတဲ့ အကြောင်းရင်းကလည်း အရေးကြုံလာရင် တရုတ်ရဲ့ ကမ်းရိုးတန်းဒေသတွေကို ပစ်ခတ်နိုင်ဖို့နဲ့ သာမန်အချိန်မှာ အဟန့်အတားတစ်ခု အဖြစ်ရှိနေဖို့ဖြစ်တယ်လို့ အခိုင်အမာ ဆိုထားပြန်ပါတယ်။

တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံက ဒရုန်းတစ်မျိုးထွက်ပေါ်လာပါတယ်။ အဲဒီထွက်ပေါ်လာတဲ့ ဒရုန်းများကြောင့် အမေရိကန်နဲ့ ဖိလစ်ပိုင်တို့အနေနဲ့ တော်တော်လေးကို အံ့ဩမှင်တက်သွားတယ်လို့ဆိုပါတယ်။



တရုတ်နိုင်ငံ၏ WZ-7 ဒရုန်းကိုတွေ့ရစဉ်။

ဒီဒရုန်းတွေက တစ်ချိန်ကလည်း ဂျပန်ပင်လယ်ပြင်ပေါ်ကနေ ဖြတ်ကျော်ပျံသန်းဖူးပါတယ်။ အဲဒီအချိန်တုန်းက ဂျပန်ရဲ့ F-15 တိုက်လေယာဉ်တွေဟာ တရုတ်ဒရုန်းတွေရဲ့ အောက်ပိုင်းကိုသာ ခေတ်ပုံရိုက်ကူးနိုင်ခဲ့ပါတယ်။

အကြောင်းရင်းကတော့ ဒရုန်းတွေပျံသန်းတဲ့အမြင့်အထိ F-15 တိုက်လေယာဉ်တွေက ရောက်ရှိအောင်မပျံသန်းနိုင်လို့ပါပဲ။ ဒါတောင်မှ F-15 တိုက်လေယာဉ်ဆိုတာ အမြင့်ပေတစ်သိန်းအထိပျံသန်းနိုင်စွမ်းရှိတဲ့လေယာဉ်တွေပါ။

အခု အမေရိကန်က ဖိလစ်ပိုင်မှာ တာလတ်ပစ်ဒုံးကျည်တွေဖြန့်ကြက်ချထားလိုက်ပြီဆိုတာနဲ့ ရောက်သွားတဲ့ဒရုန်းကတော့ တရုတ်တို့ရဲ့ WZ-7 ဒရုန်းများပဲဖြစ်ပါတယ်။ ဒီလိုရောက်သွားတာကို ဘယ်သူမှတောင် မသိလိုက်ဘူးလို့လည်း ဆိုပါတယ်။

ဒါပေမဲ့ တရုတ်နိုင်ငံရဲ့ဒရုန်းက အခုလိုမျိုးလှည့်လည်သွားလာမှုနဲ့ ကင်းထောက်လုပ်ငန်းလုပ်ဆောင်တာတွေဟာ ပုံမှန်လုပ်ရိုးလုပ်စဉ်တွေသာဖြစ်တယ်လို့ တရုတ်ဘက်က ထုတ်ပြန်ထားပါတယ်။

အမေရိကန်က ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းမှာ ဖြန့်ကြက်ချထားလိုက်တဲ့ တာလတ်ပစ်ဒုံးကျည်အမျိုးအစားက တိုင်ဖွန်းအမျိုးအစားဖြစ်ပြီး အဓိကအားဖြင့် ထိုင်ဝမ်ရေလက်ကြားကို ဦးတည်ထားတာပါ။

တိုင်ဖွန်းရဲ့ထိရောက်မှုအကွာအဝေးက ကီလိုမီတာ ၁၈၀၀ ပတ်လည်ရှိတဲ့အတွက် ရှန်ဟိုင်းနဲ့ ဝူဟန်မြို့တို့ဟာလည်း ပစ်မှတ်အကွာအဝေးအတွင်းမှာ ကျရောက်နေတာကိုတွေ့ရပါတယ်။

ဒီလိုခြိမ်းခြောက်မှုတွေရှိလာတဲ့အတွက် တရုတ်ဘက်ကလည်း မဖိတ်ခေါ်ထားတဲ့ ဧည့်သည်တွေအပေါ် အခုလိုမျိုး ကင်းထောက်စုံစမ်းမှုတွေ လုပ်ရတာလို့ ဆိုပါတယ်။

တာဝေးခရီးသွားနိုင်မှု၊ ပုံစံအစုံကင်းထောက်နိုင်မှု စွမ်းဆောင်ရည်တွေကြောင့် WZ-7 ဟာ ဖိလစ်ပိုင်နိုင်ငံအတွင်းမှာရှိတဲ့ တိုင်ဖွန်းစနစ်ရဲ့လှုပ်ရှားမှုတွေကို ကောင်းစွာခြေရာခံနိုင်စွမ်းရှိပါတယ်။

တိုင်ဖွန်းစနစ်က ပစ်ခတ်မှုလုပ်ဆောင်သည်ဖြစ်စေ၊ တည်နေရာရွှေ့ပြောင်းမှုလုပ်ဆောင်သည်ဖြစ်စေ ဘယ်လိုလုပ်ဆောင်မှုမျိုးကိုမဆို WZ-7 က ရှင်းလင်းတိကျစွာ စောင့်ကြည့်နိုင်ပါတယ်။

အကယ်၍ တိုမာဟော့လိုမျိုး ဒုံးကျည်မျိုးတွေတောင်မှ တရုတ်နိုင်ငံအနီးပတ်ဝန်းကျင်ကိုရောက်ရှိလာတယ်ဆိုရင် ဒုံးကျည်ရဲ့လှုပ်ရှားသွားလာမှု၊ ဒုံးကျည်ကိုဖြန့်ကြက်ထားတဲ့တည်နေရာ အစရှိတဲ့ လှုပ်ရှားမှုမျိုးစုံကို WZ-7 ဒရုန်းက ကောင်းစွာတွက်ချက်မှုတွေလုပ်ဆောင်နိုင်ပါတယ်။

သူ့ရဲ့ ဒီလိုမျိုးစွမ်းဆောင်ရည်ကြောင့် ရန်သူ့ဆီကဒုံးကျည်က ဒုံးပစ်လောင်ချာကနေထွက်လာပြီဆိုတာနဲ့ မြေပြင်ကွပ်ကဲမှုစခန်းဆီချက်ချင်းသတင်းပို့ပြီး ထိရောက်တဲ့တန်ပြန်ပစ်ခတ်မှုအတွက် အသင့်အနေအထားကို အမြန်ဆုံးဖြစ်ပေါ်စေမှာပါ။

အမေရိကန်ရဲ့ တာလတ်ပစ်ဒုံးကျည်လှုပ်ရှားမှုတွေကို ဖြိုဟ်တုကနေကင်းထောက်မှုတွေလုပ်နိုင်ပေမယ့် မြေပြင်က အရာတွေကို သဲသဲကွဲကွဲတိတိကျကျမမြင်ရပါဘူး။

ဒီအချိန်မှာ ဒရုန်းကိုအသုံးပြုခြင်းဟာ မြေပြင်မှာဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီမြင်တွေ့နိုင်စွမ်းရှိပါတယ်။


ဒါကြောင့် ပြောရမယ်ဆိုလို့ရှိရင် ဖိလစ်ပိုင်နိုင်ငံအနေနဲ့ တရုတ်နိုင်ငံရဲ့ ဒီလိုမျိုးစွမ်းဆောင်ရည်နဲ့ဒရုန်းကိုမြင်တွေ့နေရတာဟာ နည်းနည်းတော့စိတ်လှုပ်ရှားမိမှာအမှန်ပါပဲ။

အလားတူပဲ WZ-7 ရဲ့ အမြင့်ပျံသန်းနိုင်မှုစွမ်းရည်၊ တာဝေးကင်းထောက်နိုင်မှုစွမ်းရည်၊ ပုံစံမျိုးစုံကိုပစ်မှတ်ရှာဖွေသတ်မှတ်ပြီး ခြေရာခံနိုင်တဲ့စွမ်းဆောင်ရည်တွေကို အမေရိကန်ဘက်ကလည်း စိတ်လှုပ်ရှားမှာပါ။

တကယ်လို့များ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အနေနဲ့ နည်းလမ်းပေါင်းစုံသုံး တိုက်ခိုက်မှုကို အင်တိုက်အားတိုက်လုပ်လိုက်မယ်ဆိုရင် နောက်ဆက်တွဲအကျိုးဆက်တွေက ဆိုးဝါးသွားနိုင်တယ်လို့ဆိုပါတယ်။

နောက်ဆုံးမှာတော့ ဒီကနေ့ခေတ်ကြီးမှာ အကွာအဝေးဆိုတာ ပြောပလောက်တဲ့အရာမဟုတ်တော့တာကို တွေ့ရမှာပါ။ လူဇွန်ကျွန်းစုကနေ တရုတ်ကမ်းရိုးတန်းအထိကို အကွာအဝေးတိုင်းကြည့်လိုက်ပါ။ အကွာအဝေးအားဖြင့် သိပ်မရှိပါဘူး။

ဒီအချိန်မှာ ဖိလစ်ပိုင်မှာရှိတဲ့ အမေရိကန်တို့က အမြင့်ပျံဒုံးကျည်များအပါအဝင် အမျိုးမျိုးသောလက်နက်စနစ်တွေကို အသုံးပြုတိုက်ခိုက်မှုကိုစတင်လုပ်ဆောင်လာပြီဆိုရင် တရုတ်တို့အတွက် တန်ပြန်တိုက်ခိုက်မှုလုပ်ဖို့ ကြာမြင့်ချိန်က စက္ကန့် ၃၀၀ သာလိုပါတယ်။


အမေရိကန်တို့၏ တိုင်ဖွန်းဒုံးကျည်စနစ်ကိုတွေ့ရစဉ်။

အကယ်၍ တခြားရေတပ်သင်္ဘောတွေနဲ့ လက်နက်တွေကိုသာ အသုံးပြုလိုက်မယ်ဆိုရင် တန်ပြန်တိုက်ခိုက်မှုအတွက် ကြာမြင့်ချိန်က ပိုပြီးတိုတောင်းသွားဦးမှာပါ။

အမေရိကန်တို့အနေနဲ့ ဖိလစ်ပိုင်မှာ တာလတ်ပစ်ဒုံးကျည်တွေ ဖြန့်ကြက်ချထားတယ်ဆိုသော်ငြားလည်း အဲဒီဒုံးကျည်တွေရဲ့ထိရောက်မှုစွမ်းရည်က ကန့်သတ်မှုရှိပါတယ်။

အခုလိုမျိုး လက်နက်စနစ်တွေကို ဖြန့်ကြက်ချထားခြင်းက အမေရိကန်ရဲ့ အင်ဒို-ပစိဖိတ်နဲ့ ကျွန်းတန်းမဟာဗျူဟာတစ်ရပ်ဖြစ်တယ်လို့ ဆိုပေမယ့်လည်း တကယ်တမ်း တိုက်ခိုက်နိုင်မှုစွမ်းရည်က ပြောပလောက်အောင်မဟုတ်ပါဘူး။

လက်တွေ့ကျကျရှုထောင့်ကနေစဉ်းစားကြည့်မယ်ဆိုရင် ကိုယ်ကတခြားသူနားကို ကပ်သွားလေလေ၊ ကိုယ့်ရဲ့ပါးကလည်း တခြားသူနားနီးသွားလေလေဖြစ်ပါတယ်။

ဆိုလိုတာက ကိုယ့်နားမှာရှိတဲ့သူကို ရန်လိုတဲ့ပုံစံနဲ့သွားပြီး ပုတ်လိုက်တယ်ဆိုရင်ပဲ အနည်းဆုံးတော့ ကိုယ်ကသူထိုးတာကိုခံရမှာ မလွဲဧကန်ပါပဲ။

ဒါကြောင့် တရုတ်နိုင်ငံရဲ့တံခါးဝအနီးမှာ တိုက်ခိုက်ရေးအတွက် လက်နက်တွေကို ဖြန့်ကြက်ချထားတယ်ဆိုရင် မြေပြင်၊ ရေပြင်၊ ဝေဟင်၊ အာကာသ ပေါင်းစပ်ကင်းထောက်မှုစနစ်က သူတို့ကိုကောင်းစွာထောက်လှမ်းစောင့်ကြည့်နိုင်မှာပါ။

ဒီအခြေအနေမှာ တရုတ်နိုင်ငံရဲ့ စွမ်းဆောင်ရည်မြင့် လက်နက်တွေကိုသာ အသုံးပြုတုံ့ပြန်လိုက်မယ်ဆိုရင် စစ်ဆင်ရေးတစ်ရပ်ပြီးမြောက်ဖို့အတွက် စက္ကန့် ၃၀၀ သာ အချိန်ယူရလိမ့်မယ်လို့ဆိုနိုင်တာဖြစ်ပါတယ်။

အမေရိကန်တို့အနေနဲ့ ဖိလစ်ပိုင်နိုင်ငံမှာ တာလတ်ပစ်ဒုံးကျည်စနစ်ကိုဖြန့်ကြက်ဖို့အတွက် နာရီပေါင်းများစွာအချိန်ယူရပါတယ်။

ဒါပေမဲ့ တရုတ်ရဲ့ထောက်လှမ်းမှု၊ တိုက်ခိုက်မှုစွမ်းဆောင်ရည်တွေအောက်မှာတော့ ပျက်စီးဖို့ရာအတွက် အချိန်အားဖြင့် စက္ကန့် ၃၀၀ သာ လိုပါလိမ့်မယ်လို့ တရုတ်ကျွမ်းကျင်ပညာရှင်များကပြောထားတာဖြစ်ပါတယ်။

***Ref: CA***

မနီလာ၊ ပြည်တွင်းရေး

# ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် စာသင်ကျောင်းများပိတ်




ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် စာသင်ကျောင်းများကို နှစ်ရက်ပိတ်ရန် ပညာရေးဝန်ကြီးဌာနက ဧပြီလ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်လွန်စွာမြင့်တက်လာခြင်းဖြစ်ပြီး နိုင်ငံအတွင်းရှိစာသင်ကျောင်းထောင်ပေါင်းများစွာကို ပိတ်ရန်အကြောင်းဖန်လာခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံအတွင်းရှိစာသင်ကျောင်းအများစု၌ လေအေးပေးစက်မရှိသောကြောင့် ကျောင်းသားများမှာ ချွေးသံတရွှဲရွှဲ ဖြင့်စာသင်ရသည့်အတွက် အဆင်မပြေမှုများလည်းရှိသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံတစ်ဝန်း၌ ဂျစ်ကားမောင်းသူများက သပိတ်မှောက်မှုများလုပ်ဆောင်ရန် စီစဉ်ထားသောကြောင့် ဧပြီလ ၂၉ ရက်နှင့် ၃၀ ရက်ကို စာသင်ကျောင်းများပိတ်ပြီး အဝေးသင်စနစ်ဖြင့်သင်ကြားရန်ညွှန်ကြားရခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဖိလစ်ပိုင်အစိုးရက နိုင်ငံအတွင်းမီးခိုးငွေ့များစွာထွက်ရှိစေသည့် မော်တော်ကားများမောင်းနှင်မှုကို တဖြည်းဖြည်းလျှော့ချရန် စီစဉ်လာမှုအပေါ် နေ့စဉ်အလုပ်နှင့်ကျောင်းများသို့ ထိုသို့သောကားများဖြင့်သွားလာနေရသည့်ယာဉ်မောင်းများက နိုင်ငံတစ်ဝန်း၌ သုံးရက်ကြာသပိတ်မှောက်မှုလုပ်ဆောင်ရန် စီစဉ်လာခြင်းဖြစ်သည်။

ဧပြီလ ၂၇ ရက်တွင် မနီလာမြို့၌ အပူချိန်သည် ၃၈ ဒသမ ၈ ဒီဂရီစင်တီဂရိတ်သာရှိသော်လည်း အပူအညွှန်းကိန်းမှာ ၄၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိသည်။

အပူအညွှန်းကိန်းဆိုသည်မှာ တကယ်တမ်းခံစားရသည့်အပူချိန်ကိုဆိုလိုခြင်းဖြစ်ပြီး ၎င်းထဲတွင် လေထုအတွင်း စိုထိုင်းဆကိုပါ ထည့်သွင်းတွက်ချက်ခြင်းဖြစ်သည်။

ယခုနွေရာသီသည် ကြုံဖူးသမျှသောနွေရာသီများတွင် အပူဆုံးဖြစ်ကြောင်း ကြိုတင်ရက်ချိန်းယူသူများနှင့်ပြည့်နေသည့် အပန်းဖြေစခန်းပိုင်ရှင်တစ်ဦးကပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၌ မတ်လ၊ ဧပြီလနှင့်မေလသည် ပုံမှန်အားဖြင့် အပူဆုံးလများဖြစ်သော်လည်း ယခုနှစ်တွင်မူ အယ်နီညိုရာသီဥတုကြောင့် အပူချိန်ပိုမိုမြင့်တက်နေရခြင်းဖြစ်ကြောင်းသိရသည်။ ***Ref: IQ***

ဝါရှင်တန်၊ ပြည်တွင်းရေး

# အမေရိကန်က သမ္မတစီးမည့် လေယာဉ်အသစ်တစ်စင်း ထပ်မံတည်ဆောက်မည်

အမေရိကန်နိုင်ငံက သမ္မတစီးမည့် လေယာဉ်အသစ်တစ်စင်းကို ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်းနှင့် ထိုလေယာဉ်သည် တန်ဖိုးအားဖြင့် ဒေါ်လာ ၁၃ ဘီလီယံတန်ဖိုးရှိမည်ဖြစ်ကြောင်း လေတပ်ကထုတ်ပြန်ထားသည်။

နျူကလီးယားစစ်ပွဲဖြစ်ပွားသည့်အခါ သို့မဟုတ် အလွန်ကြီးမားသည့်ဘေးဆိုးကျရောက်သည့်အခါမျိုးတို့တွင် မြေပြင်ပေါ်ရှိ ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုစခန်းများပျက်စီးသွားသည့်အခါ သမ္မတအနေဖြင့် ဝေဟင်ပေါ်မှနေ၍ ဆက်လက်ကွပ်ကဲနိုင်စေရန် ရည်ရွယ်၍ လေယာဉ်အသစ်တစ်စင်းကို




ထပ်မံတည်ဆောက်ခြင်းဖြစ်သည်။

ထိုလေယာဉ်ကို ရှင်သန်နိုင်စွမ်းရှိသော ဝေဟင်စစ်ဆင်ရေးဌာန(SAOC)ဟုအမည်ပေးထားပြီး ဆီယာရာနီဗာဒါး ကော်ပိုရေးရှင်းက တည်ဆောက်ပေးသွားမည်ဖြစ်သည်။

အဆိုပါလေယာဉ်တည်ဆောက်မှုကို ကော်လိုရာဒိုရှိ ကော်ပိုရေးရှင်း၏စက်ရုံတွင် သာလုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၃၆ ခုနှစ်တွင် လေယာဉ်ကိုအပြီးသတ်အပ်နှံရမည်ဖြစ်သည်။

ယင်းစီမံကိန်းကို စီးပွားရေးလုပ်ငန်းသုံးဂျက်လေယာဉ်မှခွဲထွက်ထားသည့်ပုံစံအပေါ် အခြေခံထားပြီး ပင်တဂွန်စစ်ဌာနချုပ်၏ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန် အဆင့်မြှင့်တင်မှုများလုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ SAOC သည် အမေရိကန်လေတပ်က လက်ရှိအသုံးပြုနေသည့် အမျိုးသားဝေဟင်စစ်ဆင်ရေးဌာန သို့မဟုတ် သက်တမ်းရင့်နေပြီဖြစ်သော E-4B Night-watch နေရာတွင်အစားထိုးနေရာယူမည်ဖြစ်သည်။

လက်ရှိအသုံးပြုနေသော E-4B များသည် Boeing 747 လေယာဉ်အပေါ်တွင် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်အလွန်ကာလများတွင်စတင်အသုံးပြုခဲ့သည့် ထိုလေယာဉ်များသည် ၂၀၃၀ ပြည့်နှစ်အလွန်ကာလ အစောပိုင်းတွင် အနားယူမည်ဖြစ်သည်။

အမေရိကန်လေတပ်သည် လက်ရှိတွင် E-4B လေယာဉ်လေးစင်းကိုအသုံးပြုလျက်ရှိပြီး ထိုလေယာဉ်များသည် အဆင့်မြင့်ဆက်သွယ်ရေးပစ္စည်းများတပ်ဆင်ထားသည့်အပြင် ဝေဟင်ဆီဖြည့်ခြင်းကိုလည်းလုပ်ဆောင်နိုင်ကာ နျူကလီးယားပေါက်ကွဲမှုများနှင့် လျှပ်စစ်သံလိုက်လှိုင်းသက်ရောက်မှုများကိုလည်း ခံနိုင်ရည်ရှိကြောင်းသိရသည်။ ***Ref: RT***

ကွမ်ကျိုး၊ သဘာဝဘေး

# ကွမ်ကျိုးမြို့၌ ပြင်းထန်သောလေဆင်နှာမောင်းတိုက်မှုကြောင့် လူငါးဦးသေဆုံး



တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ဧပြီလ ၂၇ ရက်တွင် ပြင်းထန်သောလေဆင်နှာမောင်းတိုက်မှုကြောင့် အနည်းဆုံး လူငါးဦးသေဆုံးပြီး ၃၃ ဦးဒဏ်ရာရရှိကြောင်းသိရသည်။

အဆိုပါလေဆင်နှာမောင်း၏ပြင်းအားသည် အဆင့်ငါးဆင့်ရှိသည့်အနက် အဆင့်သုံးရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများကိုလည်း တွက်ချက်စစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် စက်ရုံအဆောက်အအုံ ၁၄၁ ခုပျက်စီးမှုရှိကြောင်းနှင့် လေဆင်နှာမောင်း၏တိုက်ခတ်မှုနှုန်းသည် ညနေ ၃ နာရီဝန်းကျင်၌ တစ်စက္ကန့်လျှင် ၂၀ ဒသမ ၆ မီတာနှုန်းရှိကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကွမ်တုံပြည်နယ်တစ်ဝန်း၌ စံချိန်တင်ရေလွှမ်းမိုးမှုများဖြစ်ပွားသောကြောင့် အနည်းဆုံး လူလေးဦးသေဆုံးပြီး မြို့အများအပြားမှလူဦးရေထောင်ပေါင်းများစွာမှာ ဘေးလွတ်ရာသို့ထွက်ပြေးရသည်။

ဧပြီလ ၂၇ ရက်အစောပိုင်းကလည်း ကွမ်ကျိုးမြို့၌ မိုးသက်မုန်တိုင်းတိုက်ခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ မိုးသီးများကျခြင်းတို့ဖြစ်ပွားသည်။ ကြက်ဥတစ်လုံးအရွယ်ခန့်ရှိသော မိုးသီးများကြောင့် ကားများနှင့်ပြတင်းပေါက်များပျက်စီးမှုများရှိသည်။

ကွမ်ကျိုးမြို့၌ ဧပြီလ ၂၇ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရရှိသောမိုးရေချိန်သည် ၄၅၅ ဒသမ ၈ မီလီမီတာရှိသည့်အတွက် ၁၉၅၁ ခုနှစ်နောက်ပိုင်း ဧပြီလအတွင်း အမြင့်ဆုံးမိုးရေချိန်ဖြစ်ကြောင်းသိရသည်။ ***Ref: Xinhua***

ဖနွမ်းပင်၊ ရာသီဥတု

# ပြည်သူများ နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုမပြုရန် ကမ္ဘောဒီးယားတိုက်တွန်း

အခုလက်ရှိတွင် အပူချိန်များစံချိန်တင်မြင့်တက်လာသည့်အတွက် ပြည်သူများအနေဖြင့် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုမပြုရန် ကမ္ဘောဒီးယားအစိုးရက ဧပြီလ ၂၈ ရက်တွင်တိုက်တွန်းထားသည်။

ယခုရက်ပိုင်းအတွင်း အပူချိန်သည် ၄၃ ဒီဂရီစင်တီဂရိတ်အထိရှိလာသောကြောင့် ပြည်သူများအနေဖြင့် နေရောင်ခြည်အောက်တွင်အချိန်ကြာမြင့်စွာမနေကြရန် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားခြင်းဖြစ်သည်။

ထို့ပြင် ပြည်သူများအနေဖြင့် ရေဆာသည်ဖြစ်စေ၊ ရေမဆာသည်ဖြစ်စေ တစ်ရက်လျှင် အနည်းဆုံး ရေနှစ်လီတာနှင့် အထက်သောက်သုံးရန်လည်း ကျန်းမာရေးဝန်ကြီးဌာနကအကြံပြုထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကမ္ဘောဒီးယားနိုင်ငံရှိအပူချိန်သည် နှစ်ပေါင်း ၁၇၀ ခန့်အတွင်း အမြင့်ဆုံးဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မိုးလေဝသဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လာမည့်မေလတွင်မူ မိုးရွာသွန်းမှုများရှိလာနိုင်သည့်အတွက် အပူချိန်များလျော့ကျလာနိုင်သည်ဟုခန့်မှန်းရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ***Ref: Xinhua***

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

နေပြည်တော် ဧပြီ ၂၈

## မန္တလေးမြို့တွင်တည်ဆောက်နေသည့် စုပေါင်းရုံးအဆောက်အအုံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံနှင့် အိုးထုတ္တန်းတိုးဂိတ်ကို ဒုတိယဝန်ကြီးဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်(ခ)အဆင့် စုပေါင်းရုံး သုံးထပ်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အဦအထူးအဖွဲ့(၆)မှ (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) အင်ဂျင်နီယာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တာဝန်ခံအင်ဂျင်နီယာများအနေဖြင့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက်လုပ်ငန်းများဖြန့်ခွဲပြီး တာဝန်ခွဲဝေစီမံဆောင်ရွက်ရန်လိုကြောင်း၊ သတ်မှတ်ဒီဇိုင်းအတိုင်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ပင်မအဆောက်အအုံအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)လုပ်ငန်းများ ဟန်ချက်ညီစွာဆောင်ရွက်ရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သုံးစွဲရန်လိုကြောင်း မှာကြားပြီး လုပ်ငန်းခွင်အင်ဂျင်နီယာများက လုပ်ငန်းနှင့်ပတ်သက်သည့် သတင်းပို့တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) RC ငါးထပ် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်သဇင်မြင့်က Site Plan၊ ဘဏ္ဍာရေးနှစ်အလိုက်လုပ်ငန်းစာရင်း၊ လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သီဟက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စကားအင်း - အိုးထုတ္တန်းလမ်းပိုင်းရှိ အိုးထုတ္တန်း မိနိတိုးဂိတ်ကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတင့်လွင်နှင့် တိုးဂိတ်တာဝန်ရှိသူတို့က တိုးဂိတ်တွင် ရေ/မီး ရရှိမှုအခြေအနေ၊ CCTV တပ်ဆင်အသုံးပြုမှု၊ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံရရှိမှုအခြေအနေနှင့်ကောက်ခံရရှိငွေများကို စာရင်းဇယားများနှင့်အတူ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၈

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီလ ၂၉ ရက်မှ မေလ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ရန်ကုန် ဧပြီ ၂၈

## ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲအတွက် သက်ထားသူဇာ ဝင်ခွင့်ရရှိရန်နီးစပ်နေ

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)က ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲများအတွက် ဝင်ခွင့်ရရှိမည့်ကစားသမားစာရင်းကို မေလတွင် အတည်ပြုထုတ်ပြန်မည်ဖြစ်ပြီး မြန်မာကြက်တောင်မယ်သက်ထားသူဇာသည် ဒုတိယအကြိမ်ဝင်ခွင့်ရရှိရန်အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် (BWF)က ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲများအတွက် ဝင်ခွင့်သတ်မှတ်ချက်ကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မေလ ၁ ရက်မှစတင်ပြီး ယခုနှစ် ဧပြီလ ၂၈ ရက်(ယနေ့)ထိ ယှဉ်ပြိုင်ခဲ့ကြသည့် အောင်မြင်မှုများအပေါ် မူတည်ကာ အဆင့်သတ်မှတ်သွားမည်ဖြစ်သည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)က ပါရီအိုလံပစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ကစားသမား ၃၈ ဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး ဝင်ခွင့်အဆင့်သတ်မှတ်ချက်အဆင့်(၁)မှ (၁၆)နေရာတွင် ရပ်တည်သူများအနေဖြင့် တစ်နိုင်ငံလျှင် ကစားသမားနှစ်ဦးသာပါဝင်ခွင့်ရရှိမည်ဖြစ်ကာ အဆင့်(၁၇)နေရာပိုင်းကစားသမားများအနေဖြင့် တစ်နိုင်ငံလျှင် တစ်ဦးသာပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိရန်အတွက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF) သတ်မှတ်ထားသည့် ဝင်ခွင့်ကာလများတွင် ပြိုင်ပွဲအများစုကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်းမရှိခဲ့သော်လည်း လိုအပ်သည့်ရမှတ်များကို စုဆောင်းနိုင်ခဲ့ကာ လက်ရှိတွင် ၂၀၂၄ ပါရီအိုလံပစ်ဝင်ခွင့်အဆင့်သတ်မှတ်ချက်တွင် အဆင့်(၂၂)နေရာတွင် ရပ်တည်နေသည့်အတွက် ဝင်ခွင့်ရရှိရန်အတွက် နီးစပ်နေခြင်းဖြစ်သည်။

သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)သတ်မှတ်ထားသည့် ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်လက်ရည်စစ်ကာလတွင်း စုစုပေါင်းပြိုင်ပွဲ ၂၃ ပွဲထိပါဝင်ကစားခဲ့ပြီး တတိယနှစ်ကြိမ်ရရှိခဲ့ကာအဆင့်သတ်မှတ်ချက်မြင့်မားသည့်ပြိုင်ပွဲများတွင်လည်း ရမှတ်များစုဆောင်းနိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ပြီးခဲ့သည့် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင်လည်း ဝင်ခွင့်ရရှိခဲ့ပြီး ယခုအခါဒုတိယအကြိမ်မြောက် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက်နီးစပ်နေကြောင်း သိရသည်။

**စည်သူအောင်**

ရန်ကုန် ဧပြီ ၂၈

## မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနနှင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၃၂)တို့ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနနှင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၀၃၂)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို အထွေထွေမန်နေဂျာက နေ့စဉ်ကုန်းတွင်းနှင့်ကမ်းလွန်မှ ထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀ ခန့်အား ထိန်းညှိဖြန့်ဖြူးပေးနေသည့်အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးမှ ဖြည့်စွက်ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ထုတ်ယူနိုင်သည်ဖြစ်၍ အကျိုးရှိစွာအသုံးပြုရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းသဘာဝဓာတ်ငွေ့ရောင်းချမှုအားလုံးကို ထုထည်အခြေပြုအစားအပူစွမ်းအင်အခြေပြုဖြင့်ပြောင်းလဲဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သုတေသနပြုလုပ်၍ နည်းပညာအသုံးပြုဆောင်ရွက်ခဲ့သဖြင့် မအူပင်၊ အဖျောက်နှင့် မြန်အောင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များတိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး တိုးတက်ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ပြည်သူများခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရေးအတွက် YBS ယာဉ်များနှင့် Taxi ယာဉ်များကိုဦးစားပေး၍ အထူးသက်သာသောဈေးနှုန်းဖြင့် နိုင်ငံတော်မှ စိုက်ထုတ်ပြီး CNG ရောင်းချပေးလျက်ရှိကြောင်း၊ CNG ကို ဓာတ်ဆီ၊ ဒီဇယ်များနှင့် နှိုင်းယှဉ်အသုံးပြုရာတွင် ကုန်ကျစရိတ်အနေဖြင့် CNG အသုံးပြုမှုသည်များစွာသက်သာနေသည်ကို အသုံးပြုသူများအသိပင်ဖြစ်ကြောင်း၊ နည်းပညာဆိုင်ရာ သုတေသနပြုမှုများအရ CNG သည် သန့်ရှင်းသည့် စွမ်းအင်အမျိုးအစားဖြစ်၍ စက်ပစ္စည်းများ၏သက်တမ်းကို ပိုမိုကြာရှည်စွာ အသုံးပြုနိုင်သည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုလအတွင်းပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ကိန်းဂဏန်းအချက်အလက်များဖြင့် ဆွေးနွေးရှင်းပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းသို့အားသာချက်များရှိသည့်အတွက် CNG အသုံးပြုခွင့်ရရှိနေသည့် မော်တော်ယာဉ်ပိုင်ရှင်များ၊ အငှားယာဉ်မောင်းများအနေဖြင့် ခရီးသည်များထံမှယာဉ်စီးခများ တောင်းခံရာတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီကားများထက် သိသာစွာလျှော့ချ၍ တောင်းခံပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ အနာဂတ်သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးကဏ္ဍတွင် One BTU စနစ်ဖြင့်ဆောင်ရွက်နိုင်ရေး ဓာတ်ငွေ့ပေါင်းဆုံမည့် Gas Hub နှင့် ပိုက်လိုင်းကွန်ရက်အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့သုံး CNG အရောင်းဆိုင်များမှမန်နေဂျာများကို လိုအပ်သည်များမှာကြားပြီး ပြည်သူများကို ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရန် ခေတ်မီစက်ကိရိယာများဖြင့် CNG အိုးများ စမ်းသပ်စစ်ဆေးနေသည့် CNG Retest Factory အလုပ်ရုံအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၃၂)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေးဆွဲထားသည့် Standard Operating Procedure (SOP) များကို အလေးထားလိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စက်များ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် သက်တမ်းကြာရှည်စွာအသုံးပြုနိုင်ရေးအတွက် regular maintenance နှင့် preventive maintenance များကို ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် မူတည်ပြီး နှစ်အလိုက်အစီအမံများ ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်းမှာကြားကာ CNG သုံးခရီးသည်တင် YBS ယာဉ်နှင့် အငှားယာဉ်များအား CNG ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၈

## အောင်လံမြို့နယ် ပုဂ္ဂလိက ဝါစက်လုပ်ငန်းရှင်၏ ဝါဝယ်ယူ၊ ကြိတ်ခွဲ၊ ထုပ်ပိုး သိုလှောင်မှုလုပ်ငန်းများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုအားပေး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဧပြီလ ၂၅ ရက် မွန်းလွဲပိုင်းတွင် မကွေးမြို့ရှိ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ဝါလုပ်ငန်းရှင်များတွေ့ဆုံ၍ ဝါကြိတ်ခွဲမှုအခြေအနေများ၊ မျိုးစေ့ပြန်လည်ရွေးချယ်ထုတ်လုပ်မှုအခြေအနေများ၊ ဈေးကွက်ရရှိမှုအခြေအနေများနှင့် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ချည်မျှင်ရှည်ဝါမျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးနေမှု၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများနှင့်စိုက်ပျိုးရေရရှိရေးနည်းလမ်းများ၊ ရေစီမံခန့်ခွဲမှုဆိုင်ရာသိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများတင်ပြသည့် ဝါစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအတွက် အရေးပါသည့် မျိုးကောင်းမျိုးသန့်ဝယ်ယူရရှိနိုင်မှုနှင့်ပတ်သက်၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့နယ် ကမ်းနီကျေးရွာ ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင် ရှင်းလင်းဆောင်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရေရရှိရေးအဆိုပြု တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏အဆိုပြုတင်ပြထားမှုများကို သက်ဆိုင်ရာကြီးကြပ်မှုကော်မတီက စနစ်တကျစိစစ်၍ ချေးငွေအထောက်အပံ့ရရှိရေး စီမံဆောင်ရွက်သွားမည့် အခြေအနေများ၊ ရေသောက်ဧရိယာများ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် ဧရာဝတီမြစ်မှရေကိုတင်ယူ၍ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာစနစ်ကို အသုံးပြုထားသော ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရေပေါ်ရေတင်စက်ရုံမှ စိုက်ပျိုးမြေဧရိယာနွေစပါး ၁၆၆ ဧကနှင့် အခြားသီးနှံ ၅၀၀ ဧက စုစုပေါင်း ၆၆၆ ဧကအား အကျိုးပြုလျက်ရှိကြောင်း သိရသည်။



ဒုတိယဝန်ကြီးသည် ဧပြီလ ၂၆ ရက် နံနက်ပိုင်းတွင် အောင်လံမြို့နယ် ပုဂ္ဂလိက ဝါစက် လုပ်ငန်းရှင်၏ ဝါဝယ်ယူ၊ ကြိတ်ခွဲ၊ ထုပ်ပိုးသိုလှောင်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ခန်းမ၌ ဝါစက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဝါသီးနှံစိုက်ပျိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူ၊ ပုဂ္ဂလိကနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ခေတ်မီနည်းပညာများ လိုက်နာဆောင်ရွက်ရန်လိုအပ်ချက်များ၊ ကုန်ကြမ်းသီးနှံနှင့် တန်ဖိုးမြင့်ကုန်ချောများ ဈေးကွက်ရရှိရေး၊ စိုက်ပျိုးတောင်သူများအတွက် လိုအပ်သောအသိပညာများနှင့် နည်းပညာများပံ့ပိုးဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

ရန်ကုန် ဧပြီ ၂၈

## ဟသ်ာတမြို့၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဧရာဝတီတိုင်းဒေသကြီးရိုးရာလက်ဝှေ့ဆပ်ကော်မတီနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ ကြီးမှူးကျင်းပမည့် မြန်မာ့ရိုးလက်ဝှေ့စိန်ခေါ်ပွဲကို မေလ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ရှိ အား/ကာခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို စိန်ခေါ်ပွဲတွဲဆိုင်း ခြောက်ဆိုင်းအပြင် မျိုးဆက်သစ်လူငယ်များအတွက်လည်း ကြားတွဲဆိုင်းများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ငါးချီတွဲဆိုင်းအဖြစ် နိုင်အောင်ရှင် (Warriors) နှင့် စောကဲဒို(Holy Power)၊ လေးချီတွဲဆိုင်းအဖြစ် ဂေါ်ဒိုထူး(ရိုးရာကျား) နှင့် ဇော်သက်နောင်(ဝမ်ချိုးကလပ်)၊ ညာလက်ရုံး(ရောတိုက်ဂါးနှင့်)ကျော်မြတ်သူ(ကျားဘုရင်)တို့ထိုးသတ်မည်ဖြစ်သည်။

အလားတူ သုံးချီစိန်ခေါ်ပွဲစဉ်များအဖြစ် ကောင်းထက်ဟိန်း(လုံးချော)နှင့် လားကပေါ(ရိုးရာကျား)၊ ကောင်းထက်(လုံးချော)နှင့် ဆြာလောလှ(ရိုးရာကျား)၊ နေကြီး(ရောတိုက်ဂါး)နှင့် မိုးထက်(Holy Power) တို့ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဧပြီ ၂၈

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ သုံးဘီးမော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်ဖမ်းဆီးရမိ





စစ်ကိုင်းတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၂၇ ရက်နှင့် ၂၈ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ တွင် စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြွေပန်းကန်ပြား (၁၃၁၀၄)ချပ် အပါအဝင်ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉၇၇၈၀၀၀)နှင့် လိုင်စင်မဲ့ Toyota Passo မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မုံရွာမြို့၊ မြို့ရှောင်လမ်း၊ တောင်ပုလုလမ်းဆုံအနီး၌ လိုင်စင်မဲ့ Lifan သုံးဘီးမော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို လည်းကောင်း၊ စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ဆင်များရှင်ဘုရားဝင်း၊ ကျောက်စိမ်း ဂိုဒေါင်အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Yifulin မိန်းကလေး စီးဖိနပ် ၈၀ ရန် အပါအဝင် ကုန်ပစ္စည်း (၉) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၅၂၉၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၃၀၉၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၈ ရက်**တွင် ပဲခူး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၃၅ ဒသမ ၉၁၆) တန်၊ သစ်မာ(၁၀ ဒသမ ၂၃၁)တန်နှင့် အခြားသစ်(၂ ဒသမ ၃၆၃)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၂၅၆၇၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီလ ၂၇ ရက်နှင့် ၂၈ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၅)မှု၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၄၅၆၅၇၆)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရ သည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၈

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထား သော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူ လူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက် ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီ ခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက် ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက် ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင် သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရ နိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင် ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါ သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၇ ရက် နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှု ကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Hein Win Zaw" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်း မြို့နယ်၊ ဘုရားစုကျေးရွာနေ ဟိန်းဝင်းဇော် အား နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဝမ်းတွင်း မြို့နယ်ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့ ၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

**(၁၀၀)**

---

ရန်ကုန် ဧပြီ ၂၈

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(D)တွင် သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပ လျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲအုပ်စု(D)ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ISPE အသင်း တို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရ သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(D)ပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် သစ္စာအားမာန် အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန် အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုး များကို ပွဲချိန် ၆ မိနစ်တွင် စောမျိုးဇော်က လည်းကောင်း၊ ပွဲချိန် ၁၆ မိနစ်နှင့် ၃၁ မိနစ်တွင် နိုင်ဝင်းထွန်းကလည်းကောင်း၊ ပွဲချိန် ၁၇ မိနစ်တွင် မင်းမော်ဦးက လည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုး များကို ပွဲချိန် ၅၆ မိနစ်တွင် ကောင်းစည်သူ ကလည်းကောင်း၊ ပွဲချိန် ၆၂ မိနစ်တွင် ကောင်းထက်လင်းကလည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် တက္ကသိုလ် အားကစားကွင်း၌ ရက္ခပူရယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ ပွဲစဉ်တွင် ISPE အသင်းက ၆ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁ မိနစ်နှင့် ပထမပိုင်း အချိန်ပို ၃ မိနစ်တွင် ဝင်းပြည့်မောင်ကလည်း ကောင်း၊ ပွဲချိန် ၁၆ မိနစ်တွင် သန်းတိုးအောင် က လည်းကောင်း၊ ပထမပိုင်းအချိန်ပို ၁ မိနစ် တွင် နိုင်နိုင်ကျော်ကလည်းကောင်း၊ ပွဲချိန် ၇၆ မိနစ်တွင် ဗညားသိန်းကလည်းကောင်း၊ ပွဲချိန် ၈၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သိန်းဇော်သီဟကလည်းကောင်း အသီးသီး သွင်းယူနိုင်ခဲ့သည်။

ရက္ခပူရယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၉၄ မိနစ်တွင် ကာမာရာက သွင်းယူပေးနိုင်ခဲ့ ကြောင်း သိရသည်။

**စည်သူအောင်**

မုဒုံ၊ သက်မွေးသင်တန်း

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မုဒုံ)မှ သင်တန်းသူ ၂၄၀၀ ကျော်ကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့



နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မုဒုံ)၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော အမျိုးသမီးငယ်များအတွက် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ မွန်ရိုးရာ လက်ရက်ကန်းသင်တန်းများအပြင် တခြားအသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဧပြီလ ၂၈ ရက်အထိ သင်တန်းသူ ၂၄၉၂ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်းကို တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ပေါ်ထွန်းလာစေရေးနှင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေးအတွက် ၂၀၀၅ ခုနှစ် မေလ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၁၈ နှစ်ကျော်ကာလအတွင်း အခြေခံအိမ်တွင်းမှုသင်တန်းတက်ရောက်ပြီးသူ ၁၆၈၂ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတက်ရောက်ပြီးသူ ၄၄၆ ဦး၊ ကြိမ်/ဝါးသင်တန်းတက်ရောက်ပြီးသူ ၃၇ ဦး၊ ဟင်းလျာသင်တန်းတက်ရောက်ပြီးသူ ကိုးဦး၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းတက်ရောက်ပြီးသူ ၂၂၉ ဦးနှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်းတက်ရောက်ပြီးသူ ၈၉ ဦး စုစုပေါင်း သင်တန်းသူ ၂၄၉၂ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယင်းသင်တန်းကျောင်းမှ သင်တန်းများပြီးဆုံးပါက တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျရောင်းချပေးခြင်း၊ သင်တန်းထူးချွန်ဆုများချီးမြှင့်ပေးခြင်း၊ အထည်ချုပ်လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသည့် သင်တန်းသူများကိုလည်း ခေတ်မီမော်တာအထည်ချုပ်စက်များဖြင့် သင်တန်းသို့တက်ရောက်နိုင်ရန်ဆောင်ရွက်ပေးခြင်းနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးကာ အထည်ချုပ်စက်ရုံများ၌ အလုပ်ခန့်အပ်ခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**




## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သော High Speed Diesel နှင့် Premium Diesel များကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender) ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့် တင်ဒါပုံစံတွင်ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါရောင်းချမည့်ရက် | - | ၂၉-၄-၂၀၂၄/ နံနက် ၁၀း၀၀ နာရီ |
| တင်ဒါပိတ်မည့်ရက် | - | ၁၄-၅-၂၀၂၄/ နေ့လယ် ၁၅း၀၀ နာရီ |
| တင်ဒါရောင်းချမည့်နေရာ | - | အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၁၄၄၉၈၀**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ဇွန်လအတွက် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ Premium High Speed Diesel၊ ဓာတ်ဆီ(Octane-92)(မြန်မာကျပ်ငွေ)နှင့် ကျောက်စွဲပစ္စည်းများကို(နိုင်ငံခြားသုံးငွေ)တို့ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၁၆-၅-၂၀၂၄ ရက်နေ့၊ (၁၃း၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၃၀-၄-၂၀၂၄)ရက်နေ့မှစ၍ (၁၄-၅-၂၀၂၄) ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## Companion International Co.,Ltd. ၏
## မတည်ရင်းနှီးငွေပမာဏလျှော့ချရန်ကြေညာချက်

ကုမ္ပဏီ၏မူလသတ်မှတ်မတည်ရင်းနှီးငွေ (Issue Paid Up Capital)ပမာဏကျပ် ၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းငါးရာတိတိ)တစ်စုလျှင် ကျပ် ၂၀,၀၀၀/-(ကျပ်နှစ်သောင်းတိတိ)တန် အစုရှယ်ယာပေါင်း (၂,၅၀၀)ကို လုပ်ငန်းလိုအပ်ချက်အရထားရှိခဲ့ပါသည်။ ယခုအခါလုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်မပြေပါသဖြင့် မတည်ရင်းနှီးငွေအား ကျပ် ၅, ၀၀၀,၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)တစ်စုလျှင် ကျပ် ၂၀,၀၀၀/-(ကျပ်နှစ်သောင်းတိတိ)တန် အစုရှယ်ယာပေါင်း (၂၅၀)သို့ လျှော့ချရန်အတွက် (၂၂-၄-၂၀၂၄)နေ့တွင် (Special Resolution) အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆွေးနွေးဆုံးဖြတ်ပြီးကြောင်းကြေညာအပ်ပါသည်။

**(ဦးသန့်သီဟ)**
**အစုရှင်/မန်နေးဂျင်းဒါရိုက်တာ**
**ကွန်ပင်နီယန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နေ အဘ ဦးလှထွန်းအောင်၏သား ဦးသီဟအောင်အား ဦးဟိဏ်းထွဋ်အောင် ၈/မလန(နိုင်)၀၇၁၄၁၆ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးဟိဏ်းထွဋ်အောင်**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်အုပ်စု၊ ကျည်တောင်ကျေးရွာ အ. ထ. က(၁၆) Grade-10 မှ မဖူးမာန်ခ၏ဖခင် ဦးခင်ဇော်ဦး၏ အမည်မှန်မှာ ဦးခင်ဇော် ၉/ပမန(နိုင်)၀၄၀၃၀၁ ဖြစ်ပါကြောင်း။ **ဦးခင်ဇော်**

### ပျောက်ဆုံးကြောင်း

မောင်မင်းမင်းစိုး(ဘ)ဦးမောင်အေး ၉/ပသန(နိုင်)၁၉၀၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 747513)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၂၆၉၇၉၂၃**

### ပျောက်ဆုံးကြောင်း

သက်ဆွေဦး(ဘ)ဦးလှတင့် ၅/စကန(နိုင်)၁၉၉၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

မို့မို့ဝင်း(ဘ)ဦးမောင်အိ ၁၂/ကတန(နိုင်)၁၁၂၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ကေကေလှိုင်(ဘ)ဦးရဲငွေ ၁၂/ကတန(နိုင်)၁၁၀၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ခွန်ဇော်မျိုးအောင်(ဘ)ဦးမောင်ဒွိ ၇/ရတရ(နိုင်)၁၇၁၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

နှင်းအိလွင်(ဘ)ဦးသန်းဝင်း ၁၂/သခန(နိုင်)၁၆၆၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မင်းဝေဦး(ဘ)ဦးညွန့်ဝင်း ၈/ပမန(နိုင်)၁၂၃၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၅၃၀၆၇၆၅**

### ပျောက်ဆုံးကြောင်း

ချစ်ကိုကို(ဘ)ဦးကျော်လျှန်း ၅/ကလက(နိုင်)၂၃၅၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မီမီသန့်(ဘ)ဦးစံသိန်း ၇/တငန(နိုင်)၀၉၈၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ဦးသိန်းထွန်း(ဘ)ဦးမောင်အေး ၁၂/တကန(နိုင်)၀၈၅၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

နန်းဥမ္မာဝေ(ဘ)ဦးသူရစိုး ၁၂/ဥကမ(နိုင်)၂၆၀၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 510455)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ဇောင်းတူအုပ်စု၊ ကြက်လည်ဇစ်ကျေးရွာနေ မောင်စည်သူနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၅-၆-၂၀၀၃)ဖြစ်ပါကြောင်း။

**(၅-၆-၂၀၀၃)**

**အလိမ္မာစာမှာရှိ**

### ပျောက်ဆုံးကြောင်း

သီသီခိုင်(ဘ)ဦးမင်းကြိုင် ၁၂/ဥကမ(နိုင်)၁၅၃၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 513456)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၃)နေ မဖြူ(ဘ)ဦးစိုင်းအောင်ညွန့် ၁၃/တယန(နိုင်)၀၆၈၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 381187)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၉၆၄၂၅၅**

## ဒေါ်ညွန့်ညွန့်ဝင်း
## အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ တော်ဝင်အိမ်ရာ၊ တိုက်(၂၀/၁၃)နေ (ဦးခင်ညွန့်မောင်-ဒေါ်ခင်ခင်ဝင်း)တို့၏သမီး၊ ဦးဝင်းလှိုင်-ဒေါ်ခင်သူဇာဝင်း၊ ဦးကျော်ဇေယျ၊ ဗိုလ်မှူးကြီးကျော်သူယျ-ဒေါ်အိသန္တာလှိုင်တို့၏အစ်မ၊ မောင်တိုးဝေလှိုင်၊ မောင်ကျော်ဘုန်းအောင်၊ မရွှေသဇင်ကျော်တို့၏ကြီးကြီး ဒေါ်ညွန့်ညွန့်ဝင်းသည် ၂၆-၄-၂၀၂၄ ရက်(သောကြာနေ့) နံနက် ၁၁း၃၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၈-၄-၂၀၂၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂း၀၀ နာရီတွင် နေပြည်တော်ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ခင်ဝင်း
## အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ တော်ဝင်အိမ်ရာ၊ တိုက်(၂၀/၁၃)နေ (ဦးတင်ညို-ဒေါ်ရီ)တို့၏သမီး၊ (ဒေါ်ညွန့်ညွန့်ဝင်း)၊ ဦးဝင်းလှိုင်-ဒေါ်ခင်သူဇာဝင်း၊ ဦးကျော်ဇေယျ၊ ဗိုလ်မှူးကြီးကျော်သူယျ-ဒေါ်အိသန္တာလှိုင်တို့၏မိခင်၊ မောင်တိုးဝေလှိုင်၊ မောင်ကျော်ဘုန်းအောင်၊ မရွှေသဇင်ကျော်တို့၏အဘွား၊ (ဦးခင်ညွန့်မောင်)၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ၂၆-၄-၂၀၂၄ ရက်(သောကြာနေ့)နံနက် ၁၁း၃၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၈-၄-၂၀၂၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂း၀၀ နာရီတွင် နေပြည်တော်ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

နေပြည်တော် ဧပြီ ၂၈

# မွန်ပြည်နယ်၊ ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ်၊ ကော့ဘိန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများ ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ပေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာ၊ ဓမ္မသတ်ကျောင်းဟောင်း ဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံပြည်သူများအားတွေ့ဆုံအားပေးစကားပြောကြားစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာသို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ကော့ဘိန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ဝင်ရောက်နေထိုင်ပြီး အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter- Terrorism Operation)ဖြင့် စနစ်တကျဆောင်ရွက်ပြီး တိုက်ခိုက်ချေမှုန်းခဲ့ရာ အဆိုပါဒေသများအားပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ထူထောင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိသည့် သတင်းအားထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။





မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာအတွင်း အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော နေအိမ်အဆောက်အအုံများအား လိုက်လံကြည့်ရှုစဉ်။

ယခုအခါ ၎င်းဒေသများသည် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေရသောဒေသခံပြည်သူများကို ၎င်းတို့၏ကျေးရွာများသို့ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရာ ဧပြီလ ၂၇ ရက်နေ့အထိ မွန်ပြည်နယ် ဓမ္မသတ်ကျေးရွာ၊ တရနာကျေးရွာနှင့် ကော့သတ်ကျေးရွာများသို့ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၁၂၄ ဦး၊ စုစုပေါင်း ၂၂၀ ဦးနှင့် ကရင်ပြည်နယ် ကော့ဘိန်းကျေးရွာသို့ အမျိုးသား ၁၆၁ ဦး၊ အမျိုးသမီး ၃၂၄ ဦး၊ စုစုပေါင်း ၄၈၅ ဦးတို့ ပြန်လည်ဝင်ရောက်နေထိုင်လာကြောင်း သိရှိရသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာအတွင်း ပျက်စီးသွားသော နေအိမ်အဆောက်အအုံများအား လိုက်လံကြည့်ရှုစဉ်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပြတ်ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး လိုအပ်သည့်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများနှင့် လိုအပ်သည့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ယာယီနေရပ်စွန့်ခွာနေရသောဒေသခံပြည်သူများသည် ၎င်းတို့၏နေရပ်အသီးသီးသို့ ဆက်လက်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | အောင်လံ | ၂၇-၄-၂၀၂၄ | ၄၅. ၃ | ၁၁၃. ၅ | ၂၈-၄-၂၀၁၆ | ၄၄. ၇ | ၁၁၂. ၅ | ၄၀ |

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၉° C / ၄၁.၂° C |
| ရန်ကုန် | ၂၆° C / ၄၀.၀° C |
| မန္တလေး | ၃၀° C / ၄၄.၈° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ပဲခူး ဧပြီ ၂၈

# ပဲခူးမြို့တွင် နွေရာသီကင်းထောက်လူငယ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုအား သွားရောက်ကြည့်ရှုအားပေး



ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားနေသည့် နွေရာသီလူငယ်ကင်းထောက်သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက သင်တန်းသား၊ သင်တန်းသူများအားတွေ့ဆုံ၍ အမျိုးသမီးရေးရာအဖွဲ့မှဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်က သင်တန်းတက်ရောက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအားလည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် နွေရာသီအားလပ်ရက်ကို အကျိုးရှိစေရန် ဖွင့်လှစ်ပေးသည့် လူငယ်သင်တန်းကို စိတ်ပါဝင်စားစွာ တက်ရောက်သင်ယူခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကြက်ခြေနီအသင်းမှ ကျောင်းသား၊ ကျောင်းသူသင်တန်းသားများအား အသက်ကယ်နည်း လက်တွေ့သရုပ်ပြသင်ကြားနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူသင်တန်းသားများနှင့် ဆရာ၊ ဆရာမများအတွက် ခေါက်ဆွဲကြော်နှင့်အအေးဘူးများ ပေးဝေခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် ပဲခူးမြို့မြောက်ဘက် ၁ မိုင်ခန့်အကွာ အုတ်ဖိုကျေးရွာတွင် တည်ရှိသော ဆင်ကျုံးဘုရားသို့ သွားရောက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဟံသာဝတီခေတ် ဘုရင့်နောင်မင်းတရားကြီး လက်ထက်က တောဆင်ရိုင်းများကို ယဉ်ပါးအောင်ကျုံးသွင်းခဲ့သည့် ရှေးဟောင်းဆင်ကျုံးနေရာအား ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်တူးဖော်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မျိုးပပအောင်က သမိုင်းကြောင်းအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

## မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "စောင့်ပက်" တေးသီချင်းဗီဒီယိုနှင့် "စကားလေးတစ်ခွန်းပဲဖြေချစ်လား" တေးသီချင်း ဗီဒီယိုတို့နှင့်ပတ်သက်သည့် သက်ဆိုင်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွနားထောင်ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြသည်ကို တွေ့ရှိပါသဖြင့် လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသောအပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်ဖြစ်သည့် သင်္ကြန်သီချင်းကို ရှန့်ရင်းကြမ်းတမ်းသော သီချင်းစာသားဖန်တီးမှုများဖြင့်လည်းကောင်း၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော ဝတ်စားဆင်ယင်မှုများဖြင့်လည်းကောင်း အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "စောင့်ပက်" တေးသီချင်းဗီဒီယိုနှင့် "စကားလေးတစ်ခွန်းပဲဖြေချစ်လား" တေးသီချင်းဗီဒီယိုတို့နှင့် သက်ဆိုင်သူများအားလုံးကို ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)ဖြင့်အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

"စောင့်ပက်"တေးသီချင်းကို တေးသံရှင် ချန်လုံး၊ တေးရေး ညောင်တုန်းဒွေးဝင်း၊ Music & Mixing သိန်းဝင်းထွန်း၊ အကအဖွဲ့ ချန်လုံးနှင့် The Future Dancer Crew တို့က ပါဝင်သီဆိုရိုက်ကူးထားခြင်းဖြစ်ပြီး "စကားလေးတစ်ခွန်းပဲဖြေချစ်လား" တေးသီချင်းကို တေးသံရှင် Brown၊ သရုပ်ဆောင် Ekary Mon,Pab Yati,Cleo DeNile, Bagan Nyein,Htike Htike, ဂီတမှူး T Boy(B+)တို့က ပါဝင်သီဆိုရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုကားများ၊ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများမပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

## ညစ်ညမ်းသော တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်မှုများနှင့်ပတ်သက်၍ သတိပေးတားမြစ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်းအတူ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြသည်ကိုတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

သက်ဆိုင်ရာအလိုက် ဖွဲ့စည်းထားသောအစည်းအရုံးများကလည်း လိုအပ်သလို ထိန်းကျောင်းတည့်မတ်ပေးနိုင်ရန်အသိပေးအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ရန်ကုန် ဧပြီ ၂၈

# နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းအပါအဝင် ကောင်စစ်ကိစ္စများဆောင်ရွက်ရန်အတွက် သံရုံးသို့ကြိုတင်၍ Online Appointment ရယူရန်လိုအပ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထပ်မံအသိပေး

နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းအပါအဝင် ကောင်စစ်ကိစ္စများဆောင်ရွက်ရန်အတွက် သံရုံးသို့ကြိုတင်၍ Online Appointment ရယူရန်လိုအပ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထပ်မံအသိပေးကြေညာထားသည်။

မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားနှင့်ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ကောင်စစ်ဆိုင်ရာကိစ္စရပ်များအတွက် သံရုံးသို့ လစဉ်လာရောက်သူ နိုင်ငံသားဦးရေထောင်နှင့်ချီရှိပြီး စာတိုက်မှတစ်ဆင့်ပေးပို့သက်တမ်းတိုးလျှောက်ထားမှုများသည်လည်း နေ့စဉ်အဆက်မပြတ်ဝင်ရောက်လျက်ရှိကြောင်းနှင့် အချို့ရက်များတွင် သံရုံးသို့လာရောက်သူအရေအတွက်သည် ကောင်စစ်အဆောက်အအုံ၌ လက်ခံနိုင်သည့် လူဦးရေထက် များစွာကျော်လွန်ခဲ့သည့်အတွက်လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အချိန်ပေးစောင့်ဆိုင်းရမှုများရှိကြောင်း သံရုံးကရေးသားထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံသားများအား ပိုမိုထိရောက်ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဧပြီလ ၁ ရက် (တနင်္လာ) နေ့မှစ၍ သံရုံးသို့ ကောင်စစ်ကိစ္စရပ်များ (ဗီဇာလျှောက်ထားမှုမပါ) ဆောင်ရွက်ရန်အတွက် လာရောက်ရာတွင် Online Appointment ကြိုတင်ရယူသည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ်လအတွင်း သံရုံးက အသိပေးကြေညာခဲ့သည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဧပြီလ ၂၆ ရက်တွင်လည်း မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် ဂျပန်နိုင်ငံတွင်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်မှစတင်၍ သံရုံးသို့လာရောက်ရာတွင် Online Appointment ကြိုတင်ရယူသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ကြောင်း ထပ်မံအသိပေးလာပြီး Online Appointment စနစ်သို့ ပြောင်းလဲရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် မြန်မာနိုင်ငံသားများအား ကျေးဇူးတင်ရှိကြောင်းလည်း ပါရှိသည်။

ဆက်လက်၍ နိုင်ငံသားများအနေဖြင့် ကောင်စစ်ကိစ္စများဆောင်ရွက်ရန်အတွက် သံရုံးသို့ လာရောက်ရာတွင် Online Appointment ကြိုတင်ရယူပြီးမှသာ မိမိ Appointment ရရှိသည့်နေ့ရက်နှင့် အချိန်တွင် လာရောက်ရန်လိုအပ်ကြောင်းလည်း ထပ်မံအသိပေးထားသည်။ Online Appointment ပြုလုပ်ခြင်းကို http://www.myanmar-embassy-tokyo.net/2024/onlineappointment/online-appointment.htm လင့် (သို့မဟုတ်) QR Code တွင် ပြုလုပ်နိုင်ကြောင်းလည်း ဆိုထားသည်။ MT

လန်ဒန်၊ ဘောလုံး

## နယူးကာဆယ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ရှက်ဖီးလ်ယူနိုက်တက်အသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲမပြီးဆုံးမီ တန်းဆင်းခဲ့ရ

ပရီးမီးယားလိဂ်ပွဲစဉ်(၃၅)အဖြစ်ကစားသည့် နယူးကာဆယ်အသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းက ၅ ဂိုး-၁ ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲမပြီးဆုံးမီ ပထမဆုံး တန်းဆင်းခဲ့ရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အဆင့်(၂)နေရာ၌ရပ်တည်နိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တစ်ရာသီအကြာတွင်ပင် အင်္ဂလန်ချန်ပီယံရှစ်သို့ ပြန်လည်တန်းဆင်းခဲ့ရခြင်းဖြစ်သည်။



ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ယခုဘောလုံးရာသီအစကတည်းက ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဟတ်ကင်ဘော်လ်တန်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ဝါရင့်နည်းပြဟောင်းတစ်ဦးဖြစ်သည့် ခရစ်ဝိုင်ဒါကို ပြန်လည်ခန့်အပ်ခဲ့သည်။

သို့သော် ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် နည်းပြ ခရစ်ဝိုင်ဒါလက်အောက်တွင်လည်း ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ နယူးကာဆယ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲမပြီးဆုံးမီ ပထမဆုံးတန်းဆင်းခဲ့ရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုဘောလုံးရာသီတွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၃၅ ပွဲကစားပြီးချိန်တွင် သုံးပွဲသာနိုင်ပွဲရယူနိုင်ခဲ့ပြီး ခုနစ်ပွဲသရေနှင့် ၂၅ ပွဲအထိရှုံးနိမ့်ကာ ရမှတ် ၁၆ မှတ်သာရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားအဆင့်(၁၇)နေရာမှ နော်တင်ဟမ်အသင်းနှင့် ရမှတ် ၁၀ မှတ်အထိ ကွာဟနေပြီး ပွဲကစားရန်မှာလည်း သုံးပွဲသာကျန်ရှိတော့သည့်အတွက် ပြိုင်ပွဲမပြီးဆုံးမီ တန်းဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

***Ref;Dailymail***

ရောမ၊ ဘောလုံး

## အေစီမီလန်အသင်းက နည်းပြသစ်အဖြစ် လိုပက်တယ်ဂူရီကိုခန့်အပ်ရန် ပစ်မှတ်ထားနေ

ယခုဘောလုံးရာသီအကုန်တွင် အေစီမီလန်အသင်းက နည်းပြ ပီအိုလီနှင့်လမ်းခွဲပြီး နည်းပြသစ်အဖြစ် လိုပက်တယ်ဂူရီကို ခန့်အပ်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

နည်းပြပီအိုလီသည် အေစီမီလန်အသင်းကို အီတလီစီးရီးအေချန်ပီယံဆု ဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီ၌ ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲမည်ဖြစ်သည်။

အသက် ၅၇ နှစ်အရွယ် နည်းပြလိုပက်တယ်ဂူရီသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆီဗီလာအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ နည်းပြလိုပက်တယ်ဂူရီသည် ၂၀၂၂ ခုနှစ်က ဝုဗ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ကာ အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ၂၀၂၃ ခုနှစ်က လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး အေစီမီလန်အသင်းကလည်း အတွေ့အကြုံရှိသည့် နည်းပြလိုပက်တယ်ဂူရီကို ခန့်အပ်လိုသည့်အတွက် မကြာမီဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်နေကြောင်း သိရသည်။

***Ref;Footballitalia***

လန်ဒန်၊ ဘောလုံး

## ပီအက်စ်ဂျီအသင်းက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းမှ ဂွီမာရေးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ပေးချေပြီး ကမ်းလှမ်းရန်ပြင်ဆင်

ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းမှ ကွင်းလယ်ကစားသမား ဂွီမာရေးကို ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများနှင့်အပြိုင် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၁၀၀ ပေးချေပြီး ကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဂွီမာရေးသည် ၂၀၂၂ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုင်ယွန်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည့်အတွက် အစောပိုင်းကတည်းက ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများဖြစ်သည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့က အပြိုင်ကမ်းလှမ်းရန်ပြင်ဆင်လျက်ရှိသည်။

လက်ရှိ နယူးကာဆယ်အသင်းနှင့် ဂွီမာရေးတို့စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ်မှသာ ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်ထားသည့်အတွက် ပီအက်စ်ဂျီအသင်းက မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ထက် လက်ဦးမှုရယူနိုင်ရန် အေးဂျင့်ဖြစ်သူနှင့် စတင်ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

နယူးကာဆယ်အသင်းသည် အဓိက ကစားသမား ဂွီမာရေးကို လက်မလွှတ်လိုသော်လည်း စတာလင်ပေါင် သန်း ၁၀၀ ဖြင့်ကမ်းလှမ်းပါက လက်လွှတ်သွားဖွယ်ရှိနေကြောင်း သိရသည်။

***Ref;The Athletic***

မက်ဒရစ်၊ ဘောလုံး

## အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချယ်လ်ဆီးအမျိုးသမီးအသင်းကိုအနိုင်ရရှိပြီး ဘာစီလိုနာအမျိုးသမီးအသင်း လေးကြိမ်ဆက် ဗိုလ်လုပွဲတက်ရောက်

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးအမျိုးသမီးအသင်းနှင့် ဘာစီလိုနာအမျိုးသမီးအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းက ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး လေးကြိမ်ဆက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအမျိုးသမီးအသင်းနှင့် ဘာစီလိုနာအမျိုးသမီးအသင်းတို့သည် ပထမအကျော့တွင် ချယ်လ်ဆီးအမျိုးသမီးအသင်းက ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဒုတိယအကျော့တွင် ဘာစီလိုနာအမျိုးသမီးအသင်းက ၂ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ၂ ဂိုး-၁ ဂိုးဖြင့် ဘာစီလိုနာအမျိုးသမီးအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအမျိုးသမီးအသင်းသည် အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ၌ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သော်လည်း လိုင်ယွန်အမျိုးသမီးအသင်းကိုရှုံးနိမ့်သည့်အတွက် ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရကာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ဝုဖ်ဘတ်အမျိုးသမီးအသင်းကိုအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအမျိုးသမီးအသင်းသည် ဗိုလ်လုပွဲစဉ်တွင် လိုင်ယွန်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့မှ အနိုင်ရရှိမည့်အသင်းနှင့် မေလ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

***Ref;Fotmob.com***





နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
The Best Quality Tyre
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
CAR TYRE
CYCLE TYRE




ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO CEMENT
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
PREMIUM QUALITY CEMENT
RHINO
PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
NET WEIGHT-50kg
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com




Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

# ကော့ကရိတ်မြို့ပတ်ဝန်းကျင်ရှိ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် KKO (ခွဲထွက်)ကျော်သက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ချေမှုန်း၊ မြို့တွင်းတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ကော့ကရိတ်မြို့သို့ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဧပြီ ၂၈**

KKO (ခွဲထွက်)ကျော်သက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့သည် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား နှောင့်ယှက်တိုက်ခိုက်ရန်ရည်ရွယ်ပြီး ဧပြီလဆန်းပိုင်းမှစ၍ သာလွန်အင်အားများဖြင့် ကော့ကရိတ်-သက်နှင်းညီနောင် လမ်းပေါင်းအတိုင်း ကော့ကရိတ်မြို့မြောက်ဘက်ရှိ

စာမျက်နှာ ၁၁ ကော်လံ ၁ ☞

မွန်ပြည်နယ်၊ ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ်၊ ကော့ဘိန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ပေး

စာ-၂၈ သို့

### နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၈-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၈.၂ | ၁၁၈.၈ |
| ၂။ | မကွေး | ၄၆.၁ | ၁၁၅.၀ |
| ၃။ | မြင်းခြံ | ၄၆.၀ | ၁၁၄.၈ |
| ၄။ | ညောင်ဦး | ၄၆.၀ | ၁၁၄.၈ |
| ၅။ | မြင်းမူ | ၄၅.၆ | ၁၁၄.၁ |
| ၆။ | စစ်ကိုင်း | ၄၅.၅ | ၁၁၃.၉ |
| ၇။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၅.၅ | ၁၁၃.၉ |
| ၈။ | မင်းဘူး | ၄၅.၅ | ၁၁၃.၉ |
| ၉။ | အောင်လံ | ၄၅.၃ | ၁၁၃.၅ |
| ၁၀။ | တောင်တွင်းကြီး | ၄၅.၀ | ၁၁၃.၀ |

**နိုင်ငံတကာသတင်း**

ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် စာသင်ကျောင်းများပိတ်

စာ - ၂၃ သို့

ကွမ်ကျိုးမြို့၌ ပြင်းထန်သော လေဆင်နှာမောင်းတိုက်မှုကြောင့် လူ၄ဦး သေဆုံး

စာ - ၂၃ သို့



ပြည်သူများ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုမပြုရန် ကမ္ဘာ့ဒီးယားတိုက်တွန်း

စာ - ၂၃ သို့

